
mmtaiyoe.com
မြတ်ကျော်ဘိုရ်အားနေ့

ဝိ-မိုးနှင်း

# ချစ်ပန်းချယ်



mgyoe.com

ဝိ-မိုးနှင်း

# ချစ်ပန်းချယ်



pmn0050

2300.00 Ks

mgyoe.com

ချစ်ပန်းနွယ်၊ ဝီ-မိုးနင်း
စာမျက်နှာ ၂၇၄ မျက်နှာ၊ ၁၂.၇စင်တီ × ၁၇.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၆ ဂုဏ်ရောင်စာအုပ်တိုက်၏ ဒုတိယအကြိမ်မူ၊ (၁၉၂၃ ဒဂုန်မဂ္ဂဇင်းတိုက်-ပထမအကြိမ်)

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ချစ်ပန်းနွယ်

## ပီ–မိုးနင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

နေ့အသက်တည်းဟူသော ဖန်ရဝိန်နေမင်းသည် သက်ဆင်း ကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်တော့မည်ရှိလေရာ အနောက်ဘက် ဂေါယာမှ ပတ္တမြားရောင်စွယ်တို့ကို အရှေ့ဘက်သို့ပြန်လွှတ်ကာ ရေပြင်အာကာ လောကဓာတ်မြေမျက်နှာကို (Good Bye) ဂွတ်ဒဘိုင်ဟု ကြွေးကြော်နှုတ်ဆက်သကဲ့သို့ သွားတော့မည့်အရိပ်ကို ပြလေ၏။

ရန်ကုန်မြစ်၏ ငြိမ်သက်သောရေပြင်၌ ရှိကြကုန်သော သင်္ဘောကြီးငယ်တို့နှင့် သမ္ဗန်တုံကင်းတို့သည်လည်းကောင်း၊ ဝဲယာကမ်းခြေ၌ ရှိကြသော အဆောက်အအုံ တံတားများနှင့် စက်ကြီး စက်ငယ်များ၏ ခေါင်းတိုင်များသည်လည်းကောင်း၊ ဝမ်းနည်းသော လက္ခဏာဖြင့် ရှုမျှော်ကာ တမ်းတ၍ ကျန်ရစ်ကြသည်ပမာ ဝင်းထိန်သောနေရောင်ခြည် အဖြာဖြာကို ငြိမ်သက်စွာ ခံယူကြလေ၏။

အလုပ်တာဝန် မပြီးသေးသဖြင့် ပျာယီးပျာယာ ဝမ်းဘဲငှက်ပမာလို ကူးယှက်သွားလာ၍ နေကြရာကုန်သော သင်္ဘောငယ်တို့သည်ကား ငြိမ်သက်သောရေကို လှုပ်ရှားစေကြသဖြင့် ၎င်းတို့၏ ရှေ့နောက်မှထွက်ပေါ်ကာ ဆိပ်ကမ်းသို့ လှိမ့်ကာလှိမ့်ကာ လာကြကုန်သော လှိုင်းရှည်ကြီးများ

mgyoe.com

mgyoe.com



သည် တဖိတ်ဖိတ်လှုပ်ရှား တလက်လက်ဖြာ၍ ကစားသော နေရောင် ဖြင့် ခြယ်လှယ်ခြင်းကို ခံကြရသောကြောင့် မြစ်ရေကို ထောင့်တန်းကူးဖြတ် ၍ လာကြကုန်သော မြွေနဂါးကြီးများကဲ့သို့ မှတ်ထင်ရလေသတည်း။

ထိုအခိုက်တွင် လွှစ္စလမ်းတံတားဦးရပ်ကာ၊ ရေပြင်ကိုရှုမျှော်၍ နေကြသော ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းမကလေးတစ်ယောက် သည် မြင့်ချည်နိမ့်ချည် လှုပ်ရှားနေသော တံတား၏အစွန်းနားဦး တစ်ယောက်၏လက်ကို တစ်ယောက်ကိုင်ကာ ရွှင်လန်းကြည်လင်သော ရယ်မောသံကို လေပြည်တွင်လွှတ်ကြလေရာ၊ တံတားပေါ်ဦး သွားလာ၍ နေကြကုန်သော အင်္ဂလိပ် ကုလား မြန်မာလူမျိုးများသည် ၎င်းတို့ နှစ်ယောက်ကို သာယာသောမျက်နှာနှင့် ကြည့်ကြလျက်၊ တီးတိုးစကား ပြောကြလေ၏။ အကြောင်းမူကား ၎င်းမိန်းမလေးနှင့် ယောကျ်ားကလေး နှစ်ယောက်တို့သည် အလွန်တရာ ချစ်ဖွယ်ကောင်းလှသော ကလေးများ ဖြစ်သတည်း။

ယောကျ်ားကလေးမှာ ဆယ့်တစ်နှစ်အရွယ်သာသာခန့် ရှိ၍၊ မိန်းမ ကလေးမှာ ကိုးနှစ် ဆယ်နှစ်ခန့်လောက်မျှ ခန့်မှန်း၍ရလေ၏။ ၎င်းတို့မှာ ရုပ်ရည်ဖြူစင် ကြည်လင်ချောမွတ် နုထွတ်ပျော့ပျောင်း အထူးကြည့်၍ ကောင်းလှသော သဏ္ဌာန်ရှိသည့်ပြင် ဝတ်ပုံစားပုံအလုံးစုံမှာလည်း သားနားသန့်ရှင်း အပြစ်ကင်းသောကြောင့်၊ အမျိုးကောင်းသား သမီး ကလေးများဖြစ်ကြကြောင်းကို သိသာလေ၏။ သို့သော်လည်း ငယ်ရွယ် သူကလေးများဖြစ်ကြပါလျက် တစ်ယောက်၏လက်ကို တစ်ယောက် ကိုင်ကာ၊ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကြသည့် အမူ အရာမှာ လွန်စွာမှထူးခြားလျက် များစွာ လေးစားသိမ်မွေ့ကြင်နာသည့် မျက်နှာထားရှိသောကြောင့် မောင်နှမမဟုတ်ကြောင်းကို တစ်မျိုးသော နည်းဖြင့် သိသာလေသတည်း။

mgyoe.com

mgyoe.com


လျှင်မြန်စွာ ဖော့တိုက်သော ညနေချမ်းလေပြည်သည် ဖဲကြိုးအပြာကလေးနှင့် စည်းရစ်ပတ်ဖွဲ့၍ထားသော လှပသောဦးခေါင်းကလေးမှ ကျောဘက်သို့ပြန်ကာ ကျဆင်းသည့် နက်ပြောင်ပျော့ပျောင်း အထူးကောင်းသော ဆံပင်ကို လှုပ်ရှားလွင့်ပါး၍ နေစေသဖြင့်၊ သူငယ်မကလေးသည် တစ်ချက်တစ်ချက် ဆံပင်များကို ကိုင်တွယ်ရင်း လက်တစ်ဖက်ကို ကျောဘက်သို့လှမ်းလိုက်သည့်အခါ၊ ဖန်လက်ကောက်အနီကလေးမှာ နေရောင်တွင် ပိုးစုန်းကြူးပျံသည့်ပမာ၊ ဝင်းခနဲ လက်ခနဲဖြစ်၍သွားလေ၏။ တစ်ချက်တစ်ချက် ခြေထောက်ကိုလှုပ်ရှားသည့်အခါ ကြီးသောရွှေခြေချင်းခေါင်းများသည် ပျဉ်ပြားကိုထိသဖြင့် လုယက်တတ်သော သူတို့၏စိတ်ကို နိုးကြားအောင်ခေါ်သကဲ့သို့ မှတ်ထင်ရလေ၏။

ယောကျ်ားကလေး၏ သက္ကလတ်အင်္ကျီ ရင်ဖုံးအိတ်နှစ်ဖက်မှာ လေးလျက် ဖောင်း၍နေလေ၏။ ၎င်းအိတ်ထဲမှ ကျောက်ခဲများကို နှိုက်ကာ ရေထဲသို့ တအားလွှဲ၍ပစ်ခတ်လေရာ ကျောက်ခဲများကျသည့် နေရာများ၌ ရေမွှားရေမှုန်များသည် နဝရတ်ကိုးပါးအရောင်ဖြင့် ဝင်းဝင်းတောက်ကာ အထက်သို့ခုန်ပျံ၍ တက်ကြလေ၏။

ယောကျ်ားကလေးသည် ထို ရေမွှားရေမှုန်ရေပန်းများကိုကြည့်ကာ “ဟော... ဟော... ဟော” ဟု မကြာခဏအော်လျက် များစွာပျော်ရွှင်၍နေဟန်ရှိလေ၏။

မိန်းမကလေးသည်ကား များစွာထိတ်လန့်သောအမူအရာနှင့် ယောကျ်ားပျိုကလေး၏လက်ကိုဆွဲကာ ...

“မောင်မောင် အားလွန်ပြီး ကျသွားလိမ့်မယ်နော်၊ မပစ်ပါနဲ့တကတဲ၊ မြင့်မြင့် အသည်းတုန်လွန်းလို့ပါ။ အို... တကတဲ မပစ်ပါနဲ့ဆို၊ ဟော... ဟော... ပစ်ပြန်ပြီ။ တော်ပါတော့ မောင်ရဲ့၊ မြင့်မြင့် ပြောတာ

mgyoe.com

mgyoe.com


မရဘူးလား၊ အိမ်ကျရင် မေမေ့ကိုပြောလိုက်မယ်၊ လာ သွားမယ်”ဟု ပြောကာ လက်လွှတ်ခဲ့၍ တစ်ယောက်တည်း ထွက်သွားလေရာ မောင်မောင်သည် ပြန်၍မကြည့်ဘဲ ဆက်လက်၍သာ ခဲများကို ပစ်ခတ်၍နေလေ၏။

အတန်ကလေးကြာသောအခါ ကျောက်ခဲများကုန်သဖြင့် နေလည်းဝင်လုနီးပြီဖြစ်သောကြောင့် မီးတောင်ကြီးပေါက်၍ ထွက်သည့်ပမာ အနောက်ဘက် တိမ်တောင်ကြီးတစ်ခု၏ထိပ်ဖျား၌ ရဲရဲပြောင်လျက်နေခိုက်တွင် မောင်မောင်သည် အိတ်နှစ်ဖက်ထဲသို့ လက်များကိုထည့်၍ နောက်သို့ လှည့်ကာကြည့်လေ၏။

ထိုအခါ မြင့်မြင့်မရှိတော့သည်ကို တွေ့ရသောကြောင့် ကြောင့်ကြသောအမူအရာနှင့် ပြေးလိုက်၍သွားလေ၏။ ထိုကဲ့သို့လိုက်သွားလေရာ တံတားပေါ်သို့ရောက်သည့်တိုင်အောင် မြင့်မြင့်ကို မမြင်မတွေ့ရသောကြောင့် များစွာထိတ်လန့်၍သွားပြီးလျှင် တံတားအထက်သို့ တအားကုန်ပြေး၍ တက်သွားလေ၏။ ယင်းသို့ပြေးလေရာ ခဏကလေးရပ်ကာ တောင်မြောက်လေးပါးကို ကြည့်ရင်း “မြင့်မြင့်ရေ… ဟေ့ မြင့်မြင့်၊ မြင့်ရေ… မြင့်…. မြင့်…” ဟု ခေါ်လေ၏။

ထိုကဲ့သို့ခေါ်နေခိုက်တွင် မျက်နှာများပျက်လျက် ငိုတော့မည်ကဲ့သို့ ဖြစ်ပြီးလျှင် ခေါ်သောအသံသည် တစ်ချက်တစ်ချက် တုန်လှုပ်၍ လာသောကြောင့် အသံသည် အဖျားကျိုးပြီးလျှင် တစ်ချက်တစ်ချက် ငိုက်ဆင်း၍သွားလေ၏။ တစ်ချက်တစ်ချက်မှာမူ ကော့ထောင်တက်လွင့်၍သွားလေသတည်း။

ထိုအခိုက်တွင် တံတားတိုင်အကွယ်မှ သံလွင်ကလေးကို အုပ်ကာ တီးလိုက်သည့်ပမာ ရှင်လန်းစွာမြည်သော အသံကလေးဖြင့် ရယ်မောကာ “မောင်မောင်”ဟု ခေါ်ရင်း လက်ခုပ်လက်ဝါးတီးလျက် မြင့်မြင့်သည် ပြေးထွက်၍လာလေ၏။

mgyoe.com

mgyoe.com


ထိုအခါ မောင်မောင်သည် လက်ကလေးနှစ်ဖက်ကို ဆီး၍ဖျစ်ကိုင်ကာ မျက်နှာကို သေချာစွာစိုက်၍ကြည့်ပြီး၊ စိတ်ဆိုးမာန်ဆိုးနှင့် "မြင့်မြင့်၊ ဘာလုပ်တာလဲ၊ တယ်... ကောင်မလေး... ငါသိပ်ပြီးလုပ်လိုက်ရရင်" ဟု အံသွားကြိတ်ကာပြောလျက် လက်ကလေးကို မတော်တဆ ဒေါသနှင့်လိမ်လိုက်လေ၏။

ရယ်မောသော မြင့်မြင့်၏ မျက်နှာကလေးသည်ကား၊ မျက်နှာပိုးသတ်ကာ ဣန္ဒြေနှင့် မောင်မောင်၏မျက်နှာကို ကြည့်ပြီးမှ နာကျင်သဖြင့် ရှုံ့ပြီး အဟင့်ဟု ရှိုက်လိုက်လေ၏။

ထိုအခါ မောင်မောင်သည် လက်လွန်၍သွားကြောင်းကို သိသောကြောင့် ထိတ်လန့်ကာ လက်လွှတ်လိုက်သည်နှင့်တစ်ပြိုင်တည်း မြင့်မြင့်သည် မြေပေါ်သို့ ခွေခနဲလဲသွားပြီးလျှင် နာကျင်သောလက်ဆစ်ကို လက်တစ်ဖက်နှင့်ကိုင်ကာ မျက်နှာကလေးကိုရှုံ့လျက် ပုဆစ်တုပ်ရင်း တွန့်လိမ်၍နေရှာလေ၏။

မောင်မောင်သည် အပါး၌ပစ်ကာထိုင်ပြီး နာသောလက်ကို ကိုင်တော့မည်ပြုလေရာ မြင့်မြင့်က "မကိုင်ပါနဲ့ တကတဲ... လုပ်ရင်သည်လိုချည့်ပဲ" ဟု ချစ်ဖွယ်သော၊ နှုတ်ခမ်းကလေးများကိုစူကာ မျက်လုံးများကို လက်မောင်းနှင့်သုတ်ရင်း ဒေါမာန်ပါပါနှင့်ပြောပြီးလျှင် မောင်မောင်၏မျက်နှာကို မကြည့်ဘဲ နာကျင်သောနေရာကိုသာ ပွတ်၍နေလေ၏။

မောင်မောင်က "မြင့်မြင့်ရဲ့အင်မတန်ပဲ နာသွားသလား၊ မတော်တဆ လုပ်မိတာပါ၊ စိတ်ဆိုးသလား။ မင်းကလေးက တမင်စိတ်ညစ်အောင် လုပ်တာကိုးကွယ့်၊ သည်တော့ မောင်စိတ်ညစ်ပြီး မတော်တဆ ဖြည်းဖြည်းရယ်လို့ ကိုင်လိုက်တာ လက်လွန်ပြီးသွားပါတယ်။ ဘယ်နေရာက နာသလဲ။ အမယ်လေး... သည်လို မျက်နှာမရှုံ့ပါနဲ့။ အရုပ်ဆိုးကုန်တော့မယ်၊ ထပါ၊ ဖွ... ဖွဖွ... ဥုံဖွ... မတ်တတ်ထ။ လာလာ၊

mgyoe.com

mgyoe.com



နေဝင်တော့မယ်" ဟု ပြောရင်း အတင်းပွေ့ထူလေရာ မြင့်မြင့်၏ကိုယ်သည် ပျော့သောအရုပ်ကလေးပမာ မြောက်ကြွ၍လာလေ၏။

ထို့နောက် မောင်မောင်သည် နာသောလက်ကို မိမိ၏ပခုံးပေါ်သို့ တင်ထားလျက် လက်တစ်ဖက်နှင့် မြင့်မြင့်၏ပျော့ပျောင်းသေးသွယ်သော ခါးကလေးကိုပွေ့ကာ အတူတကွ ခပ်ဖြည်းဖြည်း လျှောက်လာကြလေရာ၊ နေဝင်လျှင်ဝင်ချင်း အိမ်ဘက်သို့ ချဉ်းရောက်ကြလေ၏။

အိမ်သို့ ရောက်လုနီးသောအခါ တွဲရာမှခွဲပြီးလျှင် အတူယှဉ်၍ လာခဲ့ကြလေ၏။ အိမ်၌ရှိသော မြင့်မြင့်၏မိခင် မတုတ်နှင့် အစေခံများသည်ကား ၎င်းတို့ကို စောင့်မျှော်ကာနေကြလေ၏။

ဒေါ်တုတ်က ၎င်းတို့အား ဘယ်ကိုသွားနေကြသလဲဟု မေးလေရာ မြင့်မြင့်က ကမ်းနားလမ်းဘက်ကို လျှောက်ရင်း သဆော်ဆိပ်ရောက်သွားကြောင်း၊ မတော်တဆ ချော်လဲသောကြောင့် မောင်မောင်ကတွဲလာရကြောင်း၊ အနာမှာ နည်းနည်းသက်သာသွားကြောင်း စသည်ဖြင့် ပြောပြလေရာ မတုတ်က နှစ်ယောက်စလုံးကို ကြိမ်းမောင်းအပြစ်တင်၍ ရေမိုးချိုးပြီး ထမင်းစားကြရမည်ဟူသော အမိန့်ကိုထုတ်လိုက်လေ၏။

မတုတ်သည် အတော်ချမ်းသာကြွယ်ဝသော မုဆိုးမဖြစ်လေရာ ခင်ပွန်းသည် ကွယ်လွန်အနိစ္စရောက်ပြီးနောက် လယ်ခြေယာခြေများစွာရှိသော ဟသ်ာတဒိစတြိတ်သို့ ပြန်၍နေရန် စိတ်အကြံပြုသော်လည်း ရန်ကုန်မြို့၌ တိုက်ပိုင်အိမ်ပိုင်ရှိသောကြောင့် မပြောင်းဘဲနေရလေ၏။ သမီးကလေးမြင့်မြင့်မှာ ဘစ်ဦးတည်းသောသမီးမို့ အလိုလိုက်၍ထားသောကြောင့် ခပ်ပျက်ပျက်ဖြစ်၍နေရာတွင် ရန်ကုန်သို့ပညာသင်ရန် ဟသ်ာတမြို့မှ ဤအိမ်သို့လာရောက်၍နေသော မောင်မောင်နှင့်တွေ့ပြန်သောအခါ ယောကျ်ားကလေးကဲ့သို့ ဖြစ်၍နေလေ၏။

မောင်မောင်၏မိဘများမှာ မတုတ်နှင့် အလွန်ချစ်ခင်သော ဂုဏ်

mgyoe.com

mgyoe.com


အသရေရှိ စပါးကုန်သည်များဖြစ်ကြလေရာ မောင်မောင်ကို ရိုက်ပါ၊ နှက်ပါ၊ မတော်လျှင် ဆုံးမပါဟု မှာထားပြီးလျှင် မတုတ်ထံမှာ အပ်နှံ၍ထားကြလေ၏။

မတုတ်မှာ သမီးကလေးမြင့်မြင့်မှတစ်ပါး သားယောကျ်ား၊ သမီးမိန်းမဟူ၍ မရှိသောကြောင့် မောင်မောင့်ကို တူရင်းသားရင်းလို သဘောထားလေ၏။

ထို့အပြင် မောင်မောင် ကျောင်း၌သင်ခဲ့ရသမျှသော ပညာတို့ကို မြင့်မြင့်အား အိမ်၌ပြန်၍သင်ပေးသောကြောင့် မြင့်မြင့်မှာ အင်္ဂလိပ်စာ၌ မောင်မောင်လောက်နီးနီးတတ်သဖြင့် မတုတ်မှာ မောင်မောင်ကို အိမ်၌ထားရခြင်းကြောင့် အကျိုးမယုတ်၊ များစွာအကျိုးရှိသည်ဟု သဘောရရှိကာ မောင်မောင်အတွက် ထမင်းလခ၊ လက်ဖက်ရည်ခစသည်တို့ကို မောင်မောင်၏မိဘများက ပေးသည့်အခါ မယူဘဲ ငြင်းပယ်လေ၏။

မောင်မောင်မှာ ၇ တန်းရောက်ပြီဖြစ်သဖြင့် လာလတ္တံ့သော စာမေးပွဲ၌ ၇ တန်းအောင်လျှင် မဒရပ်မြို့သို့ ၎င်းကိုပို့ရန် မိဘများအကြံပြု၍ထားလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း (၂)

ယခုအခါ မောင်မောင်သည် ၇ တန်းစာမေးပွဲကို ချောချောမော မော အောင်မြင်၍သွားသောကြောင့် မဒရပ်မြို့သို့သွားဖို့ရန် မိဘများ ကြံစည်ထားချက်သည် အောင်မြင်လာလေရာ မဒရပ်သို့ မပို့သေးမီ အတွင်း ဟသာၤတမြို့သို့ ခေတ္တပြန်၍နေဖို့ရန် ရှိလေ၏။

မောင်မောင်သည် ဟသာၤတသို့သွားရမည့်ညဌ မြင့်မြင့်နှင့်တကွ၊ မြင့်မြင့်မိခင်၊ မိမိ၏မိဘများပါ အတူတကွ ထမင်းစား၍ နေကြလေ၏။

ဟင်းလျာဘောဇဉ်တို့မှာ အခါတိုင်းထက် အထူးတလည် ပိုမိုများ ပြားသောကြောင့် သင်ဖြူးပေါ်တွင် ကောင်းစွာခင်းကျင်း၍ ကျယ်ကျယ် ဝန်းဝန်း စားကြရလေရာ မြင့်မြင့်နှင့် မောင်မောင်သည် ထမင်းပွဲတွင် မျက်နှာချင်းဆိုင်ထိုင်မိကြလေ၏။

ထမင်းစားရာ၌ မကြာခဏ တစ်ယောက်မျက်နှာကိုသာ တစ် ယောက်ကြည့်မိကြသောကြောင့် ထမင်းစားပြီးလျှင်ပြီးချင်း ခွဲခွာကြရ တော့မည့်အကြောင်းကို သိမြင်ကြရလျက်၊ ရင်ဝတွင် အလုံးဆို့ကာ ထမင်းကို မျို၍မကျနိုင်အောင် ရှိကြလေ၏။

ဤယောကျာ်းကလေးနှင့် မိန်းမကလေးသည် ကလေးသူငယ်တို့

mgyoe.com

mgyoe.com


၏ သဘောအတိုင်း ရိုးရိုးတန်းတန်းပင် ချစ်ခင်စွာနေခဲ့ကြလေရာ ခွဲခွာရတော့မည့်အရေးနှင့် ကြုံတွေ့ကြသောအခါကျမှ မိမိတို့၏အချစ်သည် ကောက်ရိုးဖြင့် လိမ်ကျစ်သောကြိုးမဟုတ်၊ ကျောက်ဆူးချသည့် သံကြိုးပမာ အလွန်တရာ ခိုင်မာမြဲမြံထက်သန်သောအချစ်ဖြစ်ကြောင်းကို သိကြရလေ၏။

မိမိတို့၏စိတ်ထဲ၌ ထိုကဲ့သို့ဝမ်းနည်းခြင်း၊ ရင်ထဲမှာ ဆို့၍လာခြင်း၊ တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းကပ်ကာ မခွာနိုင်အောင် ပွေ့ပိုက်တွယ်တာ၍ နေလိုခြင်း စသည့် စိတ်မျိုးသည် ဘယ်အခါမျှ မပေါ်ပေါက်ဖူးခဲ့သေးဘဲလျက် ထိုညဥ့်၌ တစ်ပြိုင်တည်း တစ်ချက်တည်း လတ်တလော ချင်း မြွေငန်းသည် ဥမှပေါက်သည့်ပမာ အချစ်ငန်းဖမ်း၍ လာကြသည်ကို ထိုထိုသောလှုပ်ရှားခြင်းတို့ ရင်၌ဖြစ်ပွားပေါ်ပေါက်ခြင်းဖြင့် သိရှိခံစားကြရလေသတည်း။

အချစ်သွေးတို့သည် ပျိုရွယ်နုနယ်သော ရင်ခွင်တို့၌ တနွေးနွေးတရှိန်ရှိန် ဒီလှိုင်းတက်သကဲ့သို့လည်းကောင်း၊ ဆူပွက်သောရေနွေးကဲ့သို့လည်းကောင်း၊ အင်ဂျင်မီးစက် လှုပ်ရှားနိုးကြွသကဲ့သို့လည်းကောင်း၊ ဒိုင်နမိုဓာတ်အားပေးစက်ကြွသကဲ့သို့လည်းကောင်း၊ မိုတာဓာတ်စက်လည်သကဲ့သို့လည်းကောင်း၊ သောင်းကျန်း၍လာကြသည်ကို သိကြရသောအခါ နှစ်ယောက်စလုံးသော မိန်းကလေးနှင့် ယောကျ်ားကလေးတို့မှာ ငါတို့၌ အဘယ်သို့သော အကြောင်းခြင်းရာ ဖြစ်ပေါ်၍လာပေသနည်း။ မီးယပ်ချမ်းထမလို့ပေလား။ ဘေလုံးများတက်လာသလား။ ရင်ဘတ်ထဲမှာ နဂါးပွက်တောင် ဝင်ရောက်၍နေလေသလား စသည်ဖြင့် တွေးတောကာ ချောက်ချား၍နေလေသတည်း။

သို့ဖြစ်သောကြောင့် ထမင်းကိုဆက်ကာ မစားနိုင်ကြဘဲ၊ လျင်မြန်စွာ ထပြီးလျှင် လက်များကိုဆေး၍ ရေကိုသောက်ကြလေ၏။ ထို့နောက်

mgyoe.com

mgyoe.com


အိမ်ရှေ့ခန်းရှိ ပီယာနိုရှိရာသို့ သွားကြပြီးလျှင် ပီယာနိုကိုမှီကာ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကြလျက် စကားမပြောဘဲ နေကြလေ၏။

မြင့်မြင့်မှာမူ တစ်ချက်တစ်ချက်သာ မောင်မောင်၏မျက်နှာကို မော်ကာကြည့်ပြီး ပီယာနို၏ ချောပြောင်သောအဖုံးကိုသာ မိမိ၏ ပျော့ပျောင်းသောလက်ကလေးများနှင့် ပွတ်သပ်ကာ ခေါင်းငုံ့၍ တစ်ချက်တစ်ချက်သက်မကြီးချလေ၏။

မောင်မောင်သည်ကား မြင့်မြင့်ကို အတန်ကြာစိုက်ကာ ကြည့်၍နေပြီးမှ မြင့်မြင့်၏အပါးသို့ကပ်ကာ လက်ကလေးကို အသာတရ လက်တစ်ဖက်နှင့် ဆုပ်ကိုင်၍ဖယ်ပြီးလျှင် ပီယာနိုကို လက်တစ်ဖက်နှင့်ဖွင့်လေ၏။

မြင့်မြင့်သည်ကား လက်ကလေးကို ပြန်၍မရုပ်သိမ်းဘဲ ညင်သာပျော့ပျောင်းစွာ ပေးအပ်၍ထားလေသတည်း။

ငင်းနောက် မောင်မောင်သည် လက်ကလေးကိုလွှတ်ကာ "ဘာကိုတီးရမလဲ မြင့်ရဲ့... မောင်ဖြင့် စိတ်ကူးလို့တောင် မရတော့ပါဘူး" ဟု အသံကလေးတုန်တုန်နှင့် ပြောလေရာ မြင့်မြင့်သည် ဝမ်းနည်းသောအမူအရာနှင့် မောင်မောင်၏မျက်နှာကို မော်၍သာ "ဖော်ကွာဝေးကိုတီးပါလား မောင်" ဟု ပြောလေ၏။

မောင်မောင်သည် မြင့်မြင့်ကို စိုက်ကာကြည့်ပြီး "အခုညအတွက်ဖြင့် ဖော်ကွာဝေးဟာ အကောင်းဆုံးပါပဲ။ မြင့် ဘယ့်နှယ်စိတ်ကူးရလိုက်သလဲ" ဟု ပြောပြီး ပီယာနိုကို ဖြည်းညင်းသာယာစွာ စ၍တို့လေ၏။

မောင်မောင်သည် ငယ်ငယ်က အတီးအမှုတ်ဝါသနာပါသူဖြစ်ခဲ့သောကြောင့် သင်ကြား၍ထားသော အတီးအဆိုပညာမှာ မမေ့မလျော့သည်သာမက မိမိကဲ့သို့ ဝါသနာပါသော မြင့်မြင့်နှင့်တွေ့ရလျက် ငင်းကို သင်ပေးရခြင်း၊ ငင်းထံမှတစ်ဆင့် သင်ရခြင်းများကြောင့် ပညာတိုး၍ နေလေ၏။

ထိုနေ့ညဉ့်၌ ဖော်ကွာဝေးသီချင်းကို တီးရသည်မှာ အခါတိုင်း

mgyoe.com

mgyoe.com


တီးရသည်နှင့်မတူ၊ အထူးပင် စည်းစည်းလုံးလုံးရှိ၍ အသံ၏အရသာကို လက်ချောင်းများသည် သိသိသာသာ ခံစားရသကဲ့သို့ ထူးခြားသည်ဟု မှတ်ထင်ရလေ၏။

မြင့်မြင့်သည်လည်း ထိုဖော်ကွာဝေးသည် အခါခပ်သိမ်း ကြားရသော ဖော်ကွာဝေးနှင့်မတူ၊ အလွန်တရာ တန်ခိုးကြီး၍ စိတ်နှလုံးကို ညွတ်နူးအောင် ဖမ်းစားသော ဖော်ကွာဝေးတေးဖြစ်သည်ဟု စိတ်ထဲတွင် အောက်မေ့ထင်မှတ်ရလေ၏။

မြင့်မြင့်သည် တေးတစ်ဝက်လောက်ကျအောင် ဆိတ်ငြိမ်စွာ နားထောင်၍နေလေရာ ကြည်နူးဖွယ်သော ပီယာနိုသံသည် တိမ်လိပ်တိမ်တိုက်များပမာ ထွက်ပေါ်၍လာလျှင် မိမိ၏စိတ်နှလုံးကို အထက်ကောင်းကင်သို့ ပင့်မြှောက်ယူဆောင်၍ သွားသကဲ့သို့ဖြစ်သောကြောင့် အထူးပင် ကြည်နူးလွမ်းဆွတ်ဆို့နင့်ပြီးလျှင် တိုးတိုးညည်းဆိုကာနေလေ၏ ။

ထိုအခါ ထမင်းစား၍နေသော လူကြီးများသည် အံ့အားသင့်ကာ နားစိုက်၍နေကြပြီးလျှင် ၎င်းတို့ကို လှမ်း၍ကြည့်ကြလေ၏။

ထိုအခါ မတုတ်က "အို သူတို့ဘာသာသူတို့ တီးနေကြတာပဲ၊ နေ့တိုင်း သည်လိုချည်းပါပဲ၊ တော်ကြာရင် မြင့်မြင့်တီးပါလိမ့်မယ်၊ ထမင်းကိုသာ စားကြပါ" ဟု ပြောသဖြင့် ထမင်းကိုဆက်၍ စားကြရလေ၏။

တီးဆို၍နေသူ နှစ်ယောက်တို့မှာ အသက်ဝိညာဉ်သည် အသံနှင့်အတူ အထက်ကောင်းကင်သို့ ဝဲပျံ၍နေသကဲ့သို့ဖြစ်သောကြောင့် မြေပေါ်၌ ကိုယ်ခန္ဓာမျှသာ ကျန်ရစ်သကဲ့သို့ ဖြစ်၍နေလေသတည်း။

တေးအဆုံးသို့ရောက်သောအခါ၊ တီးသောလက်များသည် အလိုအလျောက် ရပ်၍သွားကြလေ၏။ ဆိုသောနှုတ်သည် ဆိတ်ငြိမ်၍သွားလေ၏။ ထို့နောက်... စက္ကန့်အနည်းငယ်မျှ မျက်လုံးမှေးကာ ငြိမ်သက်

mgyoe.com

mgyoe.com


စွာ နေကြပြီးမှ၊ ရုတ်တရက် နတ်ပြည်မှလူ့ပြည်သို့ ပြန်၍ဆင်းသည့်ပမာ အိပ်မက်မှနိုးကြသည့် လက္ခဏာလို သတိရ၍လာကြလေသတည်း။

ထို့နောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ငေးမော၍နေပြီးမှ မောင်မောင်က "မြင့် တီးစမ်းပါဦး"ဟု ပြောပြီး ပီယာနိုမှထကာ အနီးရှိစားပွဲပေါ်က တယောသေတ္တာကို အသာတရယူပြီးလျှင် ပတ္တမြားကြုတ်ကို ဖွင့်သည့်ပမာ ညင်သာစွာဖွင့်ပြီးနောက် စက်ပျော်၍နေသော သမီးကညာကို အသာတရနှိုး၍ ယူသည့်ပမာ မိမိစုံမက်လှစွာသော တယောကို သိမ်သိမ်မွေ့မွေ့ ထုတ်၍ယူလေ၏။ ထို့နောက် တစ်ချက် နှစ်ချက် တင်းကာ ညှိပြီးလျှင် ဖော်ကွာဝေးကိုပင် ကောက်၍ထိုးလေ၏။

မြင့်မြင့်လည်း လိုက်၍တီးလေ၏။ တယောသံသည်ကား ထိုးသူကို မဆိုထားဘိ၊ ကြားရသမျှသော သူတို့ကို နိုင့်ထက်စီးနင်း ဖမ်းစားသော အသံဖြစ်လေ၏။

ထိုအသံသည် ကြားရသောနားကြောမှ စိမ့်ပြီးလျှင် တစ်ကိုယ်လုံး၌ရှိသော အာရုံကြောတို့ကို တုန်လှုပ်စေသကဲ့သို့ ဖြစ်လေ၏။ အကြောင်းမူကား ၎င်းတို့တီးဆိုသောတေးသည် လက်နှင့်တီး၍ နှုတ်ဖြင့်ဆိုသောတေးမဟုတ်၊ ထိုထက်သိမ်မွေ့သော စိတ်နှင့်တီး၍ စိတ်နှင့်ဆိုသောတေးဖြစ်လေ၏။

ထိုအခိုက်တွင် လူကြီးများ ထမင်းစားသောက်ပြီးစီး၍၊ ၎င်းတို့တီးကြသည်ကို လာရောက်ကာ နားထောင်၍နေကြလေ၏။ အတန်ကြာသောအခါ မောင်မောင်သည် သွားဖို့အချိန်နီးသည်ကို သိရလျက် မိမိ၏တယောကို အိမ်ထဲသို့ ပြန်၍ထည့်လေ၏။ မြင့်မြင့်လည်း ပီယာနိုမှဆင်းပြီးလျှင် အခန်းထဲသို့ ပြေးဝင်၍သွားလေ၏။

၎င်းနောက် သွားဖို့ရန် ပြင်ဆင်ကြလေရာ မြင့်မြင့်သည် မောင်မောင်

mgyoe.com

mgyoe.com


၏ပစ္စည်းများကို စုဆောင်းထုပ်ပိုးခြင်း၊ မောင်မောင်၏လုံချည်၊ အင်္ကျီများကို ကူညီ၍ လက်ကလေးနှင့်သပ်ကာသပ်ကာ လေးမြတ်စွာ ခေါက်ပေးခြင်း စသည်တို့ကို ပြုလေ၏။ သို့သော်လည်း စကားတစ်လုံးကိုမျှ မပြောပြဘဲ နေကြလေ၏။

မောင်မောင်သည်ကား... တစ်ခါတစ်ခါ ရပ်ကာ ခါးထောက်လျက် မြင့်မြင့်လုပ်ကိုင်ပုံကို ကြည့်၍နေလေ၏။ မြင့်မြင့်နှင့် မျက်နှာချင်း ဆိုင်မိသောအခါ နှစ်ယောက်စလုံး ဝမ်းနည်း၍သွားကြလေ၏။ ၎င်းတို့စကားမပြောကြသည်မှာ အချစ်ကိုပြောပြရန် စကားလုံလောက်စွာ ရှာ၍မရလေသောကြောင့်လား၊ စကားမပြောတတ်ကြသောကြောင့်ပေလား၊ စကားပြောရန် မလိုသောကြောင့်ပေလား... ဟု စဉ်းစားရန် ရှိလေသတည်း။

အားလုံးပြင်ဆင်၍ ပြီးသောအခါ မောင်မောင်၏မိဘများသည် မြင့်မြင့်နှင့် မတုတ်ကို နှုတ်ဆက်ကြလေ၏။ မောင်မောင်သည် မတုတ်၏ရှေ့၌ထိုင်ကာ ငြိမ်သက်စွာ ဦးချလေ၏။ မတုတ်က "သာဓု... သာဓု၊ ကျန်းကျန်းမာမာရှိပါစေ၊ ပညာတတ်ပါစေ၊ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ အန္တရာယ်မျိုး ဘေးမျိုးဟူသမျှ ကင်းပါစေ..." စသည်ဖြင့် ဆုတောင်းလေ၏။

ထိုအခိုက်တွင် မြင့်မြင့်မှာ မျက်ရည်များလည်၍လာလျှင် နောင်တွေ့ရတော့မည်မဟုတ်၊ နောက်ဆုံးကွဲကွာခြင်းကဲ့သို့ စိတ်ထဲတွင် မှတ်ထင်ကာ မျက်ရည်တွေ ဝိုင်း၍လာသောကြောင့် လင်းသောနေရာ၌ ရပ်၍ မနေဝံ့ဘဲ၊ လှေကားအနီး မှောင်ရိပ်တွင် သွား၍နေလေ၏။

မောင်မောင်သည် ဦးချ၍ပြီးသောအခါ ထပ်မံနှုတ်ဆက်နေကြစဉ် မောင်မောင်သည် လှေကားသို့ ရှေးဦးစွာ ရောက်လေ၏။ လှေကားထိပ်၌ မြင့်မြင့်၏အပါးသို့ကပ်ကာ "မြင့်မြင့်... မောင် ကြာကြာမနေဘူး

mgyoe.com

mgyoe.com


နော်... ပြန်လာခဲ့မယ်" ဟု တိုးတိုးကလေးပြောလေရာ မြင့်မြင့်က "မြင့်... မျှော်နေမယ်နော်..." ဟု တိုးတိုးကလေး ပြန်၍ပြောပြီး လက်တစ်ဖက်ကို မှောင်ရိပ်ထဲတွင် လှမ်းကာ မောင်မောင့်အား တစ်စုံတစ်ခုတစ်ခုကို ပေးလေ၏။

မောင်မောင်သည် လျင်မြန်စွာလှမ်း၍ယူလေရာ၊ နူးညံ့သောအရာ တစ်ခုဖြစ်ကြောင်းကို သိရှိပြီးလျှင် ၎င်းအရာဝတ္ထုကို ကိုင်ကာ နမ်း၍ ကြည့်လေရာ မွှေးကြိုင်သောအနံ့ကိုရလေရာ နှလုံးသွေးသည် တဒိန်းဒိန်း ဖော့၍လာလေ၏။ အကြောင်းမူကား ထိုအရာသည် မြင့်မြင့်ပတ်လေ့ရှိသော ဖဲစည်းကြိုးကလေးဖြစ်သည်ကို သိရလေ၏။

မောင်မောင်၏စိတ်၌ သည်ဖဲစည်းကြိုးကလေးကို ကမ္ဘာပေါ်ရှိ အကြီးဆုံးသော တိုင်းပြည်ထောင်တို့နှင့် လဲလိမ့်မည်မဟုတ်။ မိမိ၏ စိတ်၌ အကြီးဆုံးသော လိုလားတောင့်တချက်ကို ရရှိသကဲ့သို့ဖြစ်လေ ၏။ ထိုအခိုက်တွင် မိဘနှစ်ပါး လှေကားသို့ကပ်ရောက်လာလေရာ မောင်မောင်သည် ဣန္ဒြေဆည်လျက် "မြင့်မြင့် သွားတော့မယ်နော်..." ဟု ပြောပြီး လှေကားကို ဆင်းလေ၏။

မြင့်ကလည်း "မောင်... မြင့်တို့ဆီကို စာ ခဏခဏပေးနော်..." ဟု ပြောလေရာ မောင်မောင်က "မောင့်မှာ အလုပ် ဘာမှမရှိပါဘူး မြင့်ရဲ့၊ စာကိုပဲ ရေးနေရမှာပါပဲ" ဟု ပြောပြီးဆင်းသွားလေ၏။

မြင့်သည်လည်း... လှေကားထိပ်ကိုကိုင်မှီကာ မှောင်ထဲတွင် မိဘများနှင့်အတူ လိုက်ပါ၍သွားသော မောင်မောင်ကိုသာ မျှော်စိုက်ကာ မေးထောက်၍နေရစ်လေ၏။

မောင်မောင်သည်လည်း မကြာခဏ လှည့်၍ကြည့်လေရာ နောက်ဆုံး၌ နှစ်ယောက်စလုံးတို့၏ စပ်ကြားတွင် ထွင်းဖောက်ခြင်းငှာမစွမ်း နိုင်သော မှောင်ထပ်ကြီး ဝင်ရောက်၍လာလေရာ ပျောက်ကွယ်၍သွားကြလေ၏။

mgyoe.com

mgyoe.com


ထိုပျောက်ကွယ်ခြင်းသည် ပြန်၍တွေ့နိုင်သော ပျောက်ကွယ်ခြင်း ဖြစ်လေ၏။ သို့သော်လည်း ပြန်၍တွေ့နိုင်သော ပျောက်ကွယ်ခြင်းတို့သည် ပြန်၍မတွေ့နိုင်သော ပျောက်ကွယ်ခြင်းအဖြစ်သို့ ဧကန်ဆိုက်ရောက်ကြရမည့်အကြောင်းကို ကြိုတင်၍ပြသော နိမိတ်ဖြစ်လေရကား ထိုနိမိတ်ကို ရိပ်မိကြချေက လောက၌ ကွေကွင်းခြင်းတည်းဟူသော ဘေးဒုက္ခ၏ကြီးလေးခြင်း၌ များစွာ သက်သာရာရကြဖို့ရှိလေ၏။

လောက၌ နေ့စဉ်နေ့တိုင်း စက္ကန့်၊ မိနစ်၊ နာရီဟူသမျှတို့မှာ ကျွန်ုပ်တို့သည် ချစ်သူ ခင်သူတို့နှင့် ကွေကွင်းလျက်သာ နေကြရ၏။ ထိုကွေကွင်းခြင်းသည်ကား မိမိချစ်ခင်တွယ်တာသောသူတို့၌ မေ့လျော့သော တစ်ခဏ၊ မိမိ ချစ်သူခင်သူတို့၏စိတ်ကို ငြိငြင်စေလျက် မိမိကိုယ်စိတ်၏အလိုသက်သက်ကို တစ်ဖက်သတ်လိုက်သော တစ်ခဏ၊ မေ့လျော့ကာနေသော တစ်ခဏ၊ ဒေါသဖြစ်၍နေသော တစ်ခဏ၊ အိပ်ပျော်၍နေသော တစ်ခဏ၊ ၎င်းတစ်ခဏမျှသော အချိန်များ၌ ကွေကွင်း၍ နေကြရလေ၏။ နောက်ဆုံး၌ ပြန်၍မတွေ့နိုင်သော ကွေကွင်းခြင်း၊ တွေ့သော်လည်း မှတ်မိနိုင်ခဲသော ကွေကွင်းခြင်းသို့ လူသတ္တဝါဟူသမျှတို့သည် ဧကန်မလွဲ ဆိုက်ရောက်ကြရမည်မှာ အမှန်ဖြစ်လေ၏။ ယခုအသက်ရှည်၍ နေစဉ်အခါ လူသတ္တဝါတို့သည် ချောင်းငယ်၊ မြောင်းငယ်များပမာ ကွေကွင်းခြင်း၏ ပင်လယ်သမုဒ္ဒရာကြီးသို့ ဆိုက်ရောက်ကြရလေ၏။ ထိုသမုဒ္ဒရာကြီးသည်ကား နီးမှန်းမသိ နီး၍သာလာလေသတည်း။

အလွန်သာယာသော ပီယာနိုသံ၊ တယောသံတို့သည် လုံးလုံးကြီးဆိတ်၍ အိမ်ရှေ့ခန်းတွင် သားအမိနှစ်ယောက် ထိုင်ကာ စကားမပြောဘဲ နေကြလေရာ၊ ထိုထက်ကြီးသော ဆိတ်ငြိမ်ခြင်းသည် ကမ္ဘာပေါ်၌ မရှိသကဲ့သို့ မှတ်ထင်ရလေ၏။

mgyoe.com

mgyoe.com


မောင်မောင်သည် အခန်းထဲမှ ဖယောင်းတိုင်ကို အပြင်သို့ထုတ်ယူ၍သွားသည့်ပမာ ပျောက်ကွယ်သွားလေရာ သာယာသောအိမ်သည် သုသာန်ဇရပ်ကဲ့သို့ဖြစ်၍ ကျန်ရစ်လေ၏။ မြင့်မြင့်သည် အိမ်တစ်အိမ်လုံး၌ အနှစ်သာရရှိသော အရာဟူ၍ မမြင်၊ ရေညှိစိမ်းအပ်သော အဝတ်ပမာ ပျော့ဖတ်ပျောင်းအိ စုတ်မတတ် ရှိ၍သာ နေရှာလေ၏။

ထို့နောက် မြင့်မြင့်သည် အိပ်ချင်သည်ဟု ပြောပြီးလျှင် အိပ်ရာသို့ဝင်ကာ မောင်မောင်၏အကြောင်းကိုသာ တွေးတောကာ "မောင်ပြန်လာပါ့မလား။ သူ့အဖေအမေက မဒရပ်ကို တစ်ခါတည်း ခေါ်သွားမလို့လား။ သူဘယ်တော့ ပြန်လာမလဲ။ မလာဘဲမနေပါဘူး ထင်ပါရဲ့လေ... ငါ့လို သူစိတ်ပူပါ့မလား..." စသည်ဖြင့် ပလီပလာမဟုတ်ဘဲ ကလေးတို့ဘာဝ ရိုးရိုးကြီးတွေးတောကာနေရှာလေ၏။

□

mgyoe.com

mgyoe.com

# အခန်း (၃)

အချိန်သည် နဒီရေကြောပမာ မရပ်မနား စီးဆင်းလျက်နေလေရာ ထိုရေကြော၌ မျောပါကြကုန်သော သတ္တဝါအပေါင်းတို့၏အဖြစ်အပျက် အခြေအနေတို့သည်လည်း ရွေ့လျားပြောင်းလဲလျက်သာ နေကြရလေ၏။ တစ်ရံတစ်ခါ ရိပ်ငြိမ်သာယာလျက်၊ ဟသ်ာ စင်ရော် မောင်မယ်ခေါ် ကြူး ဖော်ပေါင်းစုံမြူးကြသော သောင်ကမ်းဆိပ်သာ၊ ရိပ်ငြိမ်စွာသော နေရာများသို့ ဆိုက်ရောက်ကြရလေ၏။ တစ်ရံတစ်ခါ ရွှံ့ညွန် ထူထပ်လျက် မှက်ခြင်ယင်ရဲ မြားမြောင်ကဲ၍ မဲမှောင်သော ဆိပ်ကမ်းသို့ ရောက်ကြရလေ၏။ တစ်ခါတစ်ခါ တောကြီး မြိုင်ကြီး ဂနိုင်ကြီးတို့ကို ဖြတ်သန်းကူးကျော် အထူးပျော်ကာ သွားကြရလေ၏။ တစ်ခါတစ်ခါ ပူပြင်းစပ်လောင် ကွင်းခေါင်ခေါင်အပေါ်တို့၌ မျောပါးလိုက်ပါ လွင့်ပါး၍ သွားကြရလေသတည်း။ နောက်ဆုံး၌ ကွေကွင်းလွင့်ပါးပျောက်ပျက်၍ သွားခြင်း၏ သမုဒ္ဒရာရေပြင်ကျယ် အဏ္ဏဝါသို့ရောက်ကြလေရာ မေ့လျော့ကာ ဇာတ်လမ်းကို သိမ်းရပ်ကြရလေသတည်း။

မြင့်မြင့်နှင့် မောင်မောင်တို့မှာလည်း ထို့အတူဖြစ်ကြလေရာ ထို ဇာတ်လမ်း၌ ပထမဇာတ်ခန်းကို ကပြမည်ပြင်ဆင်ရာ၌ပင် ငြိုငြင်ဖွယ် ရာဖြစ်သော ဆိပ်ကမ်းသို့ ရောက်ကြရလေ၏။

mgyoe.com

mgyoe.com


မောင်မောင်သည် ဟသ်ာတမြို့သို့ ရောက်၍နေလေရာ၊ ကလေးတို့ ဘာဝ အားလပ်သောနေ့များ၌ ပျော်ရွှင်ခြင်းမရှိ၊ တရိရိနွမ်းလျ တရေးရေးတမ်းတကာ ရန်ကုန်မြို့၌ ကျန်ရစ်ရှာသူ မြင့်မြင့်ကိုသာ တွေးကာတွေးကာ တမက်မက်နှင့် တသက်သက် ထင်မြင်၍နေရှာလေ၏။ မဒရပ်မြို့သို့ ပညာသင်သွားရမည့်အရေးကို တွေးလိုက်သောအခါ သာလွန်၍ပင် ဝန်လေးလျက် "မြင့်ကိုဖြင့် တွေ့မှတွေ့ရပါတော့မည်လား..." ဟူ၍ အောက်မေ့ကာနေလေ၏။ သို့သော်လည်း မဒရပ်ကိုအသွားမှာ ရန်ကုန်မြို့ကိုဝင်ရဖို့ ရှိသေးသဖြင့် ခေတ္တတွေ့ရမည့်အရေးကို မျှော်တွေးကာ အကြာကြီးကွဲရမည့်အချိန်ကို တောင့်တသကဲ့သို့ဖြစ်လေ၏။

သို့သော်လည်း ဖခင်မှာ စပါးအလုပ်အကိုင်များ အနည်းငယ်ဆုံးပါးသဖြင့် မဒရပ်မြို့သို့ ထိုနှစ်၌မသွားနိုင်ဘဲ ဟသ်ာတကျောင်းမှာသာ ဆက်လက်၍နေရပြန်၏။ မောင်မောင်သည် ဟသ်ာတကျောင်း၌ ဆက်လက်၍နေရသည်မှာ များစွာစိတ်မချမ်းသာ ဖြစ်လေ၏။ အကြောင်းကိုဆိုသော် ရန်ကုန်ကျောင်းမှာ ဆက်လက်၍နေရခြင်းသည် သာလွန်၍ အကျိုးရှိမည်ဟု မှတ်ယူယုံကြည်လေ၏။ မိဘများတို့သည်ကား အကြောင်းကြောင်း အရာရာတို့ကို စဉ်းစားကာ ဟသ်ာတမှာထားလျှင် သာလွန်သင့်မြတ်လိမ့်မည်ဟု သဘောရရှိကြလေ၏။

မောင်မောင်သည် ထိုကဲ့သို့ပညာသင်၍ နေရသည့်အထဲတွင် မြင့်မြင့်ထံမှ ရရှိသော ဖဲစည်းကြိုးကလေးကို ကောင်းစွာခေါက်လျက် စာအုပ်ကြား၌ထားကာ ထိုဖဲကြိုးကိုမြင်ရတိုင်း မြင့်မြင့်၏ မျက်နှာကို မြင်၍ နေရလေ၏။ အခါများစွာ အားလပ်သည့်အခါ ရေကာတာကြီးပေါ်၌ လျှောက်ကာ ဦးခေါင်းကိုငိုက်စိုက်ချပြီးလျှင် တစ်ကိုယ်တည်း လမ်းလျှောက်၍နေလေ၏။

မိဘများသည်ကား ၎င်း၏စိတ်၌ အဘယ်သို့သောဝေဒနာကို

mgyoe.com

mgyoe.com


ခံစား၍နေရသည်ဟု သေချာစွာမသိရချေ။ မြင့်မြင့်နှင့် အပြန်အလှန် လစဉ်ပေးကြသော စာများမှာ မောင်လို နှမလို ရေးသောစာများဖြစ်သော ကြောင့် တစ်စုံတစ်ရာ အပြစ်ဆိုစရာမရှိဟု အောက်မေ့ကြလေ၏။ တစ်ရံ တစ်ခါ မောင်မောင်သည် မိမိကိုယ်ကို မဒရပ်မြို့သို့ သွားမှသွားပါမည် လားဟု တွေးတောမိလေ၏။

နောက်တစ်နှစ်ကုန်လွန်သောအခါ ဟသ်ာတကျောင်းမှထွက်ပြီး လျှင် မဒရပ်သို့သွားဖို့ရန် အထမြောက်သဖြင့် ရန်ကုန်မြို့သို့ရောက်လာ ကြသောအခါ မောင်မောင်သည် မြင့်မြင့်ကို တွေ့ရတော့မည်ဟူသော အားထားမျှော်လင့်ခြင်းနှင့် စိတ်လက်အထူးပျော်ရွှင်၍နေလေ၏။ မြင့် မြင့်၏အိမ်အပါးသို့ ရောက်လာကြသောအခါ ရင်ဝမှာလှိုက်ဖိုလျက် လှိုင်းဂယက်ထ၍နေလေ၏။ သို့သော်လည်း အိမ်သို့ရောက်ကြ၍ ဖခင် နှင့်အတူ အိမ်ပေါ်သို့ အားရဝမ်းသာ တက်သွားကြသောအခါ အိမ်ပေါ် ၌ မည်သူ့ကိုမျှ မတွေ့ကြရသောကြောင့် အိမ်ရှေ့ခန်းတွင်ထိုင်ကာ မြင့် မြင့်ထွက်လာလိမ့်မည်ဟု စောင့်ကာနေလေ၏။

"မြင့်မြင့်သည် မနှစ်ကထက် ပို၍ကြီးပြီး မနှစ်ကထက် ချစ်ဖွယ် ရာ ကောင်းလိမ့်မည်။ အပျိုကြီးလို ဝတ်ကာစားကာနေလိမ့်မည်။ ငါ့ကို မြင်လျှင် ရှက်ကိုးရှက်ကန်းနှင့် နေလေမည်လား" စသည်ဖြင့် အောက် မေ့ ဆင်ခြင်ကာနေလေ၏။

ထိုကဲ့သို့နေခိုက်တွင် အစေခံမိန်းမတစ်ယောက် နောက်ဖေးခန်းမှ ထွက်လာကာ "သြော်... ကိုမောင်မောင်တို့ သားအဖပါကလား။ မြင့်မြင့် တို့ သားအမိမရှိကြဘူး။ မနေ့ကပဲ မန္တလေးမှာရှိတဲ့ အမျိုးတစ်ယောက် ဆုံးတယ်လို့ သံကြိုးရောက်တာနဲ့ ယနေ့နံနက်ရထားနဲ့ မန္တလေးကို လိုက်သွားကြရတယ်" ဟု ပြောလေ၏။

ထိုစကားတို့သည် မောင်မောင်၏ထိပ်ကို သံတုတ်နှင့်ချလိုက်သလို

mgyoe.com

mgyoe.com


ဖြစ်သွားလေ၏။ တွေ့ရနိုးနိုးနှင့် ဤမျှလောက် အားကိုး၍လာသည်မှာ အချည်းနှီးဖြစ်သည့်ပြင် ကြာမြင့်စွာ ခွဲခွာ၍သွားရမည့်ခရီး၌ နှုတ်ဆက်ခွင့်မှ မရလေခြင်းဟု ဝမ်းနည်းပက်လက် ယူကျုံးမရ အပူလုံးကြွလာလေ၏။ သွားရမည့်ခရီးမှာ နီး၍နေလေသောကြောင့် စောင့်ဆိုင်းခွင့်မရ။ မြင့်မြင့်ကိုဖြင့် ကြာမြင့်စွာ တွေ့ရတော့မှာမဟုတ်ဟု တွေးတောကာ မမော မပန်းဘဲ လာခဲ့သမျှတို့မှာ ဆဆယ်ပြန်တိုး၍ မောပန်းခြင်းကို ဖြစ်စေသကဲ့သို့ ခြေမသယ်ချင် လက်မသယ်ချင် ဖြစ်၍လာလေ၏။

ထိုအခါ မောင်မောင်သည် မိမိ၏အိတ်ထဲမှ ဖောင်တိန်ပင်ကလောင်ကိုထုတ်ကာ သေတ္တာထဲမှ စာရေးစက္ကူတစ်ချပ်နှင့် စာအိတ်တစ်အိတ်ကို ထုတ်ယူပြီးလျှင် အောက်ပါစာကို ရေးလေ၏။

*နှမလေး မြင့်မြင့်–*

*မောင် မဒရပ်ကိုသွားပါပြီ၊ မြင့်ကိုတွေ့ဖို့ရန် အားကိုးပြီးလာခဲ့ရာ မြင့် မန္တလေးကိုသွားကြောင်း ကြားရသောအခါ မောင့်မှာ အဘယ်လောက် ယူကျုံးမရဖြစ်သည်ကို မြင့် စဉ်းစား၍သာကြည့်ပါ။ မြင့်ကို ဘယ်အခါမှ မမေ့ပါ။ မဒရပ်မြို့သို့ ရောက်ရှိလျှင် မြင့်အတွက် လက်ဆောင်အဆန်းအပြားများကို ဝယ်၍ပို့လိုက်ပါမည်။ မြင့် ကျန်းမာဖို့ရန် မောင်ဆုတောင်းပါသည်။ မောင့်အတွက်လည်း ဆုတောင်းပါ၊ မြင့်ပေးတဲ့ လက်ဆောင်ကလေးကို မောင် အမြဲဆောင်ယူပါသည်။ ဘယ်မှာမှ မေ့၍မထားခဲ့ပါ။ ဒေါ်ဒေါ်ကို များများကြီး နှုတ်ဆက်လိုက်ပါသည်။ ဖေဖေ မောင်နဲ့အတူပါလာရာ မြင့်တို့ကို မတွေ့ရသည့်အတွက် အလွန်ဝမ်းနည်းသွားပါသည်။ မောင်သွားခါနီးမှာ မြင့်ကိုမတွေ့ရတာ အင်မတန်ကြီးတဲ့ ကံမကောင်းခြင်းပါ။*

မောင်

mgyoe.com

mgyoe.com


ထိုစာကို ကောင်းစွာခေါက်၍ စာအိတ်နှင့်ထည့်ကာ အစေခံမိန်းမအား လိပ်စာကိုမေး၍ လိပ်တပ်လေ၏။ ထို့နောက် ၎င်းစာကို ညတွင်းချင်း တစ်ခုသော စာတိုက်သေတ္တာရှိရာသို့ သွား၍ထည့်လိုက်လေ၏။ ထို့နောက် ပြန်၍လာပြီးလျှင် ဖခင် ဝယ်ခြမ်းရန်ကိစ္စရှိ၍ ဈေးသွားမည်ပြုရာ မောင်မောင်ကို မိမိနှင့်အတူလိုက်ရန် ခေါ်လေ၏။

မောင်မောင်သည်ကား မလိုက်လိုကြောင်းနှင့် ပြောပြီးလျှင် အိမ်၌တစ်ယောက်တည်း နေရစ်လေ၏။ ဖခင်သွားပြီး အတန်ကလေးကြာလတ်သောအခါ ပီယာနိုကိုဖွင့်ပြီးလျှင် ဖော်ကွာဝေးသီချင်းကို ဖြည်းညင်းစွာတီး၍ နေလေ၏။ ဖော်ကွာဝေးဆုံးသောအခါ ဘောလယ်တစ်ပုဒ်ကို တီးလေ၏။ ထို့နောက် ပီယာနိုပေါ်၌ လက်များကိုပစ်ကာ ခေါင်းချလျက် မှေးမှိတ်ရင်း မြင့်မြင့်အကြောင်းကို တွေးတောကာ နေလေ၏။

မောင်မောင်သည် မြင့်မြင့်ကို မတွေ့ရသဖြင့် ဝင်းထိန်တောက်ပသော ရန်ကုန်မြို့ကြီးမှာ မှောင်ကျ၍နေသကဲ့သို့ မှတ်ထင်မိလေ၏။ အဘယ်ကိုမျှ သွား၍လည်ပတ်ရန် စိတ်မကူးမိဘဲ ပီယာနိုကိုသာတီးလျက် နေလေ၏။ ပီယာနိုတီး၍ စိတ်လက်မပြေသောအခါ အိမ်ပေါ်၌ လျှောက်ကာသွားကာ တောင်ကိုမှီမြောက်ကိုမှီနှင့် ငေးမောတွေးတောကာ နေလေ၏။ ထိုကဲ့သို့တွေးတော၍နေခိုက်တွင် မောင်မောင်၏မျက်လုံးများသည် နံရံ၌ချိတ်၍ထားသော ဓာတ်ပုံတစ်ခုပေါ်သို့ စူးစိုက်ကာကြည့်မိလေရာ မျက်တောင်မခတ်ဘဲ နေမိလေ၏။

ထိုဓာတ်ပုံသည်ကား မြင့်မြင့် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းကရိုက်သော ဓာတ်ပုံဖြစ်၍ အထက်က မိမိမြင်ခဲ့ရသော မြင့်မြင့်နှင့်မတူ၊ အထူးပိုမိုခန့်ညားလျက် မိမိထက်ပင်ကြီးသကဲ့သို့ မှတ်ထင်ရလေ၏။ ၎င်း၏မျက်နှာသည် လွန်စွာလှသည့်ပြင် ကျက်သရေ လွန်စွာရှိလေ၏။

mgyoe.com

mgyoe.com


စားပွဲကိုမှီကာရပ်လျက် ယဉ်ကျေးပြည့်တင်းသော ကိုယ်ကလေးမှာ ခပ်စောင်းစောင်းကလေးနေလေရာ ပြကတေ့လူကိုယ်တိုင်ကို ယခုကဲ့သို့တွေ့ရလျှင် မောင်မောင်သည် တစ်ခါတည်းပြေး၍ ဒူးထောက်ကာ သိမ်းရုံးပွေ့ဖက်လိုက်မှာပဲဟု စိတ်ထဲတွင် အောက်မေ့လျက် အံကြိတ်ကာ ကိုက်ဝါးစားမျိုချင်သောမျက်နှာနှင့် မျက်တောင်မခတ်ဘဲ မော့ကာကြည့်၍နေလေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၄)

ပူအိုက်သော နွေဥတုမွန်းလွဲအချိန် မြင့်မြင့်သည် အိမ်ရှေ့ခန်း၌ ထိုင်ကာ မောင်မောင်ထံမှရရှိသော စာတစ်စောင်ကိုဖတ်လျက် ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ရင်း တောင်မြောက်လေးပါးတို့ကို တွေးတောကာ နေလေ၏။ မောင်မောင်နှင့် သွားလာလည်ပတ် ကစားရသည့်အကြောင်းများကို ပြန်လှန်တွေးတောမိလေ၏။ မြစ်ကမ်းနား၌ အတူတကွ နှစ်ယောက်တည်း လေညင်းခံ၍နေသည့် အကြောင်းများကို ပြန်လှန်သတိရမိလေ၏။ မောင်မောင်၏ရှေ့၌ သဘော်ာဆိပ်အနီးတွင် မြေပေါ်သို့ လဲကျလေရာ မောင်မောင်က အဘယ်ပုံပွေ့ထူသည်ကို မျက်စိထဲတွင် တရေးရေး ထင်မြင်မိလေ၏။ ယခုကား အရင်ကနှင့်မတူ အပျိုလူပျိုဖြစ်၍ လာကြသောကြောင့် ပြန်၍ပင်တွေ့ကြစေကာမူ ဟိုယခင်က လိုထင်သလို နှစ်ယောက်တည်း သွားလာနေထိုင်နိုင်ဖို့မရှိဟု အောက်မေ့မိလေ၏။

မြင့်မြင့်သည် အပျိုကလေးတစ်ယောက် ဖြစ်မြောက်၍လာလေရာ မိန်းမကလေးတို့၏ ဓမ္မတာအတိုင်း လွန်စွာထွားကျိုင်းလျက် အသက်အရွယ်နှင့်မမျှ အရွယ်ရောက်သော မိန်းမကြီးတစ်ယောက်ကဲ့သို့ ဖြစ်၍နေလေ၏။ မိန်းမတို့၌ ရှိအပ်သော ကျက်သရေအပေါင်းတို့သည် မြင့်မြင့်မှာ အကုန်အစင်ထင်ရှားလျက် ဖွံ့ဖြိုးစည်ပင် ယဉ်ကျေးခန့်ညား များစွာ

mgyoe.com

mgyoe.com


ကြော့ရှင်းသော ကိုယ်ဟန်မှာ တစ်နေ့တခြား တိုးတက်သကဲ့သို့ မှတ်ထင်ရလေ၏။ စည်ကားစိုပြည်သော အစို့အညှောင့်ကြီးသည် မိုးဦးပေါက်စ အခါ၌ အားခွန်ရှိသမျှနှင့် တက်ကြွ၍လာသည့်ပမာ မြင့်မြင့်သည် မိမိ၏ကိုယ်ကို ကိုယ်လုံးပေါ်မှန်၌ ကြည့်သည့်အခါ "ငါသည် ကြီးမြန်လှချည့်လား၊ ငါ၏ကိုယ်သည် ငါ၏ကိုယ်မှ ဟုတ်ပါ့မလား။ မောင်မောင်သည် ဟိုယခင်က ငါ့ကိုချစ်၏။ ယခုမြင်ရလျှင် ချစ်ရာမှ ကြိုက်ကောင်းကြိုက်လိမ့်မယ်။ ငါ့ကိုမြင်လျှင် မြင်ချင်း ကောင်းစွာမှမှတ်မိပါ့မလား" စသည်ဖြင့် တွေးတောမိလေ၏။

ကိုယ်ခန္ဓာ၏တိုးတက်ပြောင်းလဲခြင်းအားလျော်စွာ မြင့်မြင့်၏စိတ်သည်လည်း ပြောင်းလဲ၍လာလေ၏။ မောင်မောင်ကို ကလေးတို့ဘာဝ ငယ်ငယ်က ချစ်ခဲ့သော်လည်း ယခုပြန်၍တွေ့ရလျှင် အဆောတလျင် လွတ်ကာ ချစ်ကြိုက်လိမ့်မည်မဟုတ်ချေ။ သို့သော်လည်း ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဆိုသော စကားအရ မောင်မောင်ကို ဘယ်အခါမျှ မမေ့ဘဲ ရပ်ဝေး၌ မောင်တစ်ယောက်ရှိသကဲ့သို့ စိတ်ထဲမှာပင် ထင်မြင်၍ နေလေ၏။ မောင်မောင်၏ထံသို့ လက်ဆောင်များကို ရံဖန်ရံခါပို့၏။ စားသောက်ဖွယ် ငါးခြောက်ကြော်၊ ငါးပိကြော်တို့ကို ကောင်းမွန်စွာ ကြာရှည်ခံအောင် ချက်ပြုတ်လုပ်ကိုင်၍ လုံခြုံစွာပိတ်ပြီးလျှင် တစ်ခါ တစ်ခါ ပို့လေ့ရှိ၏။ သို့သော်လည်း မောင်တစ်ယောက်ကဲ့သို့သာ စိတ်ထဲမှာ သဘောထားလေ၏။

၎င်းပြင် မိခင်နှင့်အတူ အထက်နှင့်အောက် မကြာခဏ ကူးချည်သန်းချည် နေရသောကြောင့် အထက်မန္တလေးမြို့၌လည်းကောင်း၊ ရန်ကုန် မြို့၌လည်းကောင်း၊ ဟင်္သာတမြို့၌လည်းကောင်း အသိမိတ်ဆွေ လွန် စွာများသည့်ပြင် မြင့်မြင့်နှင့်သိရသမျှ ယောကျ်ားမိန်းမတို့သည် မြင့်မြင့်ကို ချစ်ကြလျက် မြင့်မြင့်မှာ အခါခပ်သိမ်း မောင်မောင်၏အကြောင်း

mgyoe.com

mgyoe.com


ကိုသာ တွေးတောရ၍နေခွင့်မရ၊ အခြားသူတို့၏အကြောင်းများကိုလည်း တွေးတောရလေ၏။ သို့သော်လည်း မည်သူနှင့်မျှ တစ်စွန်းတစ်ကွက် အရိပ်အမြွက်မျှ ကဲ့ရဲ့ဖွယ်ရာ အကြောင်းတစ်စုံတစ်ရာ မဖြစ်ခဲ့သေးသဖြင့် မြင့်မြင့်၏ဂုဏ်သတင်းသည် အမြဲပင်သင်းပျံ့မွှေးကြိုင်၍ နေလေ၏။

ထို့နောက် မောင်မောင်နှင့် စာပေးစာယူများ၍နေသည်ကို မိခင်သိသဖြင့် စိုးရိမ်သောမိခင်က ထိုမျှလောက် စာပေးစာယူများလျှင် အပျိုကလေးနဲ့ လူပျိုကလေးမှာ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတဲ့စကားလို တစ်စတစ်စ တိုးတက်ရင့်သန်မှုဖြင့် စိုးရိမ်စရာအကြောင်းတွေများကြောင်း၊ ထို့အပြင် မောင်မောင်က နှမကလေးလို သဘောမထားဘဲ မြင့်မြင့်ထံကရသော စာများကို မိမိသူငယ်ချင်းများအားပြပြီး ရည်းစားထံက ရသောစာဟု ပြောချေက မိန်းမကလေးမှာသာ နစ်နာဖို့ရှိကြောင်း စသည်ဖြင့် ပြောဆိုပိတ်ပင်သောကြောင့် မောင်မောင်သည် ထိုမျှလောက် သဘောငယ်လိမ့်မည်မဟုတ်ဟု တွေးတောမိသော်လည်း မိခင်၏စကားကို နားထောင်ကာ စာများကို အထက်ကလောက် များစွာမပေးဘဲ အနည်းငယ်မျှသာ ပေးရလေ၏။

မြင့်မြင့်တစ်ယောက်တည်း အိမ်ရှေ့ခန်း၌ ထိုင်ကာနေခိုက်တွင် အသက်နှစ်ဆယ်ခန့်ရှိသော သားနားသော ယောကျ်ားပျိုတစ်ယောက်သည် အိမ်ပေါ်သို့ရောက်၍လာလေ၏။

မြင့်မြင့်သည် ၎င်းကိုမြင်သောအခါ ရွှင်လန်းသောမျက်နှာထားနှင့် "ဩော်... ကိုဘခို... သည်ကနေ့ တနင်္ဂလာနေ့မို့ ကျောင်းပိတ်တာနဲ့ အလည်လာတယ် ထင်ပါရဲ့၊ ထိုင် ထိုင်ပါ၊ ထိုင်ပါ" ဟု ပြောပြီး အတွင်းဘက်သို့ လှည့်ကာ "မေမေ... ကိုဘခို လာတယ်" ဟု ပြောလိုက်လေ၏။

မောင်ဘခိုသည်ကား ဟိုက်စကူးကျောင်းသားဖြစ်၍ ဆယ်တန်းမှာ နှစ်နှစ်ကြာလျက် လာလတ္တံ့သော စာမေးပွဲမှာပင် ခပ်ကျပ်ကျပ်နှင့်

mgyoe.com

mgyoe.com


ဖြေရဖို့ရှိလေရာ စိတ်ပျက်ပျက်နှင့် လည်ပတ်၍နေသူတစ်ယောက်ဖြစ်၏။ ၎င်းသည် မိဘမှာ ကြေးငွေဥစ္စာ ကြွယ်ဝသောကြောင့် စာမေးပွဲမအောင်သော်လည်း ကိစ္စမရှိ၊ အိုင်အေ–ဘီအေကို မရောက်၍ မြို့အုပ်မဖြစ်လျှင် ကုန်သည်လုပ်၍ အသက်မွေးမည်ဟု စိတ်လျှော့ထားသူဖြစ်၏။

၎င်းမောင်ဘခိုသည် ပုသိမ်သားဖြစ်၍ ရှေးအထက်ထက်က ၎င်း၏မိဘများမှာ ဟသံာတဇာတိဖြစ်သောကြောင့် မတုတ်နှင့် အသိမိတ်ဆွေဟောင်းများဖြစ်ကြလေရာ၊ မြင့်မြင့်အကြောင်း သိကြသည်နှင့်သား မောင်ဘခိုကို ပညာပင်မတတ်စေကာမူ မြင့်မြင့်နှင့်နေရာကျချေကရန်ကုန်မှာ နေရကျိုးနပ်ကဲ့ဟု သဘောထားကာ မြင့်မြင့်ကိုရအောင် ကြံစည်ဖို့ရန် တိတ်တဆိတ် အားပေးတိုက်တွန်း၍ ထားကြပြီးလျှင် မြင့်မြင့်တို့ အိမ်သို့ မောင်ဘခို လွယ်လင့်တကူ သွားလာဝင်ထွက်နိုင်ဖို့ရန် လမ်း ဖောက်၍ဝင်ကြလေ၏။

မောင်ဘခိုမှာ ရုပ်ရည်ကလေးက သနားကမားမို့ ပညာ၌ အချိန်များစွာမစီးသော်လည်း အပျော်အပါးဘက်၌ အချိန်စီးသောကြောင့် ထိုအရေး၌ များစွာအားပေးဖို့ရန်မလို၊ မြင့်မြင့်ကို မြင်ကတည်းက လာချင်သောကြောင့် ရင်ထဲမှာ တဖျတ်ဖျတ်လှုပ်ရှား၍ နေလေ၏။

မတုတ်သည်လည်း ၎င်း မောင်ဘခိုမိဘများမှာ လယ်ယာ ချောင်းမြောင်းနှင့် များစွာကြွယ်ဝ၍ ဘုရားဒကာ၊ ကျောင်းဒကာ၊ ဘုရားအမ၊ ကျောင်းအမ အခေါ်ခံ၍နေကြလျက် များစွာထင်ရှားသူများဖြစ်ကြကြောင်းကို သိရသောကြောင့် သမီးမြင့်မြင့်နှင့် နေရာချထားမည်ဟု လုံးလုံးကြီး မဆုံးဖြတ်သော်လည်း ၎င်းကို အကဲခတ်ကာ ဝင်ခွင့်ပေး၍ ထားလေ၏။

မြင့်မြင့်သည်ကား မိန်းမပါးကလေးဖြစ်သောကြောင့် မောင်ဘခို မျက်ကဲကို ကောင်းစွာသိသော်လည်း ၎င်းကို အမူအရာဖြင့်သော်လည်း

mgyoe.com

mgyoe.com


ကောင်း၊ နှုတ်လျှာ စကားဖြင့်သော်လည်းကောင်း အနည်းငယ်မျှ အားပေးခြင်းမပြုချေ။ ထိုသို့ အားမပေးငြားသော်လည်း ရိုင်းပျရက်စက်စွာ အချစ်ကို အမုန်းဖြင့် တုံ့ပြန်ခြင်းမပြုဘဲ ထိုကဲ့သို့သော အကြောင်းအရာမျိုး၌ ကောင်းစွာ မပါးမနပ်သူကဲ့သို့ ရိုးရိုးသားသား ခေါ်ပြောနှုတ်ဆက်ကာ နေလေ၏။

မတုတ်သည် မောင်ဘခိုလာရောက်ကြောင်းကို ကြားရသောအခါ ဆေးပေါ့လိပ်ကို သောက်ဖွာရင်း "သြော်... မောင်ဘခို ရောက်လာသလား၊ ဘယ်က လှည့်လာသလဲကွယ့်" ဟု မေးရင်း အခန်းထဲမှ ထွက်၍ လာလေ၏။

မောင်ဘခိုက "ကျောင်းကပါပဲ ဒေါ်ဒေါ်ရဲ့၊ ကျွန်တော် ပျင်းပျင်းရှိတာနဲ့ အားလပ်တဲ့နေ့မို့ လမ်းလျှောက်ရင်းဆိုသလို ထွက်ခဲ့တာပါပဲ" ဟု ပြောရင်း ကုလားထိုင်တစ်ခုကို ဆွဲ၍ထိုင်လေ၏။

မတုတ်လည်း အပါးသို့ကပ်လာပြီးလျှင် ကုလားထိုင်တစ်ခုကို ဆွဲထိုင်ရင်း စားပွဲပေါ်၌ရှိသော ဖလားစုံကွမ်းအစ်ကို ကိုင်ဆွဲကာ မောင်ဘခိုဘက်၌ထားပြီး "ကွမ်းများစားကွယ့်၊ ငါ့တူများမှာတော့ ကျောင်းမှာ ကွမ်းဆေး တယ်ကြီး စားလေ့စားထမရှိဘူး ထင်ပါရဲ့၊ အင်္ဂလိပ်စာသင်တဲ့လူများမှာ ကွမ်းစားတာလည်း တယ်ကြီးမကောင်းဘူး။ လျှာထူတယ်လို့ ပြောကြတယ်။ ဟုတ်ကဲ့လား" ဟု ပြောလေ၏။

(ဘခို) "ပြောကြတာပါပဲ ဒေါ်ဒေါ်ရဲ့၊ သို့သော်လည်း မြန်မာလူမျိုးများဟာ ကုလားလူမျိုးထက်တော့ ကွမ်းပိုပြီးမစားနိုင်ပါဘူး။ ကုလားလူမျိုးထက် လျှာလည့်တဲ့လူမျိုးလည်း ခပ်ရှားရှားပါပဲ ဒေါ်ဒေါ်ရဲ့"

(တုတ်) "ဒါလည်း အဟုတ်သားပဲ။ ကွမ်းစားလို့လျှာထူတယ်ဆိုတာကိုလည်း ဒေါ်ဒေါ် တယ်ကြီးမယုံပါဘူး... သို့သော်လည်း ကွမ်း

mgyoe.com

mgyoe.com


ဆေးဆိုတာ အလုပ်ပိုပါပဲကွယ်။ သူတို့ကို မစားဘဲ၊ မသုံးဘဲနေလို့လည်း ဘာမှမဖြစ်ပါဘူး။ သူတို့ကို စားတဲ့အတွက် အစားအသောက်တောင် ပျက်ပါသေးတယ်..."

(မြင့်) "ဒါထက် မေမေရဲ့... ကွမ်းရွက်က အပူနွယ်တစ်မျိုး၊ ပူစပ်စပ်အရသာ ရှိပါတယ်။ ကွမ်းသီးက အပင်ရှည်ရှည်မြင့်မြင့်တစ်မျိုး၊ ဖန်ပြီးမူးတဲ့ သတ္တိတစ်မျိုးလည်း ရှိပါတယ်။ ရှားစေးက အင်မတန်ဖန်ပြီး ခါးတဲ့သစ်စေးတစ်မျိုးပါ မေမေရဲ့။ သည်အထဲမှာ အင်မတန်မူးတဲ့ ဆေးရွက်ကိုထည့်ပြီး မြေကြီးကဖြစ်တဲ့ ကျောက်မှုန့်ကို ဖုတ်ပြီးယူတဲ့ အင်မတန်ပေါက်တဲ့ ထုံးဆိုတဲ့အရာနဲ့ ရောပြီးစားရမယ်လို့ ဘယ်သူများ ကြံကြံစည်စည် စပ်ဟပ်ပစ်ခဲ့ပါလိမ့်မလဲဆိုတာကို ကျွန်မဖြင့် တွေးကြံလို့ မရနိုင်အောင်ရှိတာပါပဲ။ မဟုတ်ဘူးလား ကိုဘခိုရဲ့... ကြံကြံစည်စည် သူတို့မို့ရှာရှာဖွေဖွေ စပ်တတ်လွန်းလှပါတယ်"

(ခို) "မြင့်မြင့်က တွေးတွေးဆဆ တယ်ပြီးမေးတတ်တာကိုးကွယ့်။ မြင့်မြင့် အင်မတန် ကြံစည်တတ်တဲ့အလေ့ရှိတယ် ထင်ပါရဲ့။ ဖိလော်ဆော်ဖိပညာ၊ လောဂျစ်ပညာတို့ကိုများ သင်လိုက်ရရင် အင်မတန် ဉာဏ်ကြီးမှာပဲ၊ တကယ်ပြောတာပါ ဒေါ်ဒေါ်ရဲ့။ မြင့်မြင့်ကို ကျွန်တော် မြှောက်ပြောတာ မဟုတ်ပါဘူး" ဟု ပျို့ရွယ်သူမိန်းကလေးတို့ ကြိုက်တတ်သော အမြှောက်အပင့်စကားမျိုးကို အသုံးပြုလိုက်လေ၏။

(မြင့်) "မြင့် သည်လောက်တောင် ဉာဏ်ကြီးလို့ သည်စကားကို မေးတာမဟုတ်ပါဘူး။ သည်ဟာကို မေးဖို့ဟာလည်း အင်မတန် ဉာဏ်ကြီးဖို့ မလိုပါဘူး။ အင်မတန် ထူးဆန်းဖော်စပ်နည်းဖြစ်တာကို သူသူငါငါ သတိထားရင် တွေးမိမှာပဲ"

(တုတ်) "ဘယ်သူကစပြီး ကြံစည်ဖော်စပ်ခဲ့တယ်ဆိုတာ ဘယ်သူ ပြောနိုင်ပါ့မလဲ သမီးရယ်။ မေးမယ်ဆိုရင်လည်း မေးသင့်တဲ့အရာပါပဲ။

mgyoe.com

mgyoe.com


ကိုင်း... မောင်ဘခိုက မင့်နမမေးတဲ့အမေးကို ကြံပြီးဖြေစမ်းပါဦး၊ ဒေါ်ဒေါ်ဖြင့် မဖြေနိုင်အောင်ရှိတာပါပဲ"

(ခို) "ဒေါ်ဒေါ်တောင်မှ မဖြေနိုင်ရင် ကျွန်တော်ဖြေနိုင်ဖို့ရန် အင်မတန် ခက်တာပါပဲ၊ ကျွန်တော်တို့ဆရာများဖြင့် ဖြေနိုင်မလားမသိဘူး"

(မြင့်) "အမေး ကျွဲကျောင်း၊ အဖြေ ဘုရားလောင်းဆိုတာလိုပေါ့ရှင်...၊ မေးတာဟူသမျှကို မဖြေနိုင်သည့်အတွက် အသိအလိမ္မာဉာဏ်ပညာနည်းတယ်လို့ မဆိုနိုင်ပါဘူး။ ကျွန်မအထင်ဖြင့် အရိုင်းတွေးပြောရမယ်ဆိုရင် သည်လိုသဘောရတယ် မေမေရဲ့"

(တုတ်) "ဘယ်လိုများသဘောရပါသလဲတော်... စကားသစ် စကားဆန်းများကို မကြားရတာ ကြာလှပါပြီ။ ကိုင်း... မောင်ဘခိုလည်း ရှိတဲ့အခိုက်ကို ပြောပြလိုက်စမ်းပါဦး သမီးရဲ့"

(မြင့်) "သည်လို မေမေရဲ့၊ ကျွန်မအထင်ဖြင့် ရှေးလူကြီးများ ရောဂါတစ်ခုခု စွဲကပ်ဖူးလို့ ဉာဏ်ကြီးတဲ့ ဆရာသမားတစ်ယောက်က ဆေးအဖြစ်နဲ့ဖော်စပ်ပြီး ပေးတာနဲ့တူပါတယ် မေမေရဲ့။ အကြောင်းမဲ့ မွတ်သိပ်ဆာလောင်လို့ စားတာလည်း မဟုတ်ဘူး။ ဆာရင် စားဖို့အစာတွေ အင်မတန်ပေါများပါတယ်။ ပါးစပ်မှာဖြစ်တဲ့ ရောဂါတစ်ခုခုကို ပျောက်စေတတ်တဲ့ ဆေးလား၊ ခံတွင်းအနံ့အသက်ကို ပျောက်စေဖို့ရန် မင်းစိုးရာဇာတို့အတွက် သမားတော်များက ကြံစည်ပြီးပေးတဲ့ အစာပေလား ... မသိရဘူး။ အကြောင်းမဲ့သက်သက်တော့ ဘယ်သူကမှ ကြံစည်ပြီးစားမယ့် အစာမဟုတ်ပါဘူး။ သို့မဟုတ် ရှေးသူတော်သူမြတ် ရသေ့ ဆရာကြီးများ ပါးစပ်ကို အလကားမထားနိုင်သည့်အတွက် ပါးစပ်ကို အလုပ်ပေးတာများ ဖြစ်လေသလားမသိရဘူး မေမေရဲ့"

(တုတ်) "သည်လိုဖြင့် ညည်းဟာ သိရတာ ဘာတစ်ချက်မှ မရှိပါကလား။ မသိရတာချည်း များနေတာပဲ"

mgyoe.com

mgyoe.com


(မြင့်) "နို့ မေမေရယ်... လောကမှာ သေသေချာချာ တစ်တစ်ခွခွ ဘယ်အရာများကို သိကြရသလဲ..."

(တုတ်) "ဘာပြုလို့ မသိရသလဲ။ သိရတဲ့ဟာတွေ လောကမှာ အများကြီးရှိတယ်။ ရေတွက်လို့တောင် မကုန်နိုင်ပါဘူး။ ဥပမာ– ရှားမီးခဲ ရေထဲချ ရှဲကနဲမြည်တယ်။ ထုံးနဲ့နနွင်းကိုဖော်စပ်ရင် နီတယ်။ ရေနံ့ဆီနဲ့ မီးနဲ့ထိရင် တောက်တယ်။ အပျိုမှန်ရင် သားမမွေးဘူး။ ကတုံးမှန်ရင် ဆျောင်မရှိဘူး။ အဲသည်လို ဒိဋ္ဌလက်တွေ့သိရတာမျိုးတွေဟာ လောကမှာ ရေတွက်လို့တောင် ကုန်နိုင်ဖွယ်ရာမရှိပါဘူး။ မဟုတ်လားမောင်ဘခိုရဲ့"

(ခို) "ဟုတ်ပါတယ် ဒေါ်ဒေါ်ရဲ့၊ ဒိဋ္ဌသိရတာတွေဟာ အများကြီးရှိတာပါပဲ။ မြင့်မြင့်ကတော့ တွေးလုံးတောလုံးတွေ များအားကြီးတာနဲ့ နက်နက်နဲနဲ နှိုက်လွန်းလို့ မမီနိုင်အောင် ဖြစ်နေတယ် ထင်ပါရဲ့။ အခုလို ငယ်ငယ်ရွယ်ရွယ်က သည်လောက်တွေးရင် ကြီးလာမှဖြင့် ခက်တော့မှာပဲ၊ ခရုအဆန် လူမှာအကြံ၊ မြန်မာအတွေး ရှမ်းအပြေးဆိုတာလို တွေးရပါရဲ့၊ သို့သော်လည်း အင်မတန် တွေးအားကြီးတော့ ကိုယ့်ရှုးကိုယ် ပြန်ပြီး ပက်တတ်ပါတယ်။ သည်အကြောင်းကို မြင့်မြင့် ကျပ်ကျပ်ကြီး ဆင်ခြင်ပါ။ တန်ဆေး လွန်ဘေးဆိုတာလို အတွေးလွန်ရင်လည်း ဘေးဖြစ်တတ်တာပဲ"

(မြင့်) "ကျွန်မဖြင့် တွေးတဲ့အတွက်ကြောင့် ဘေးမဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ တွေးတောဆင်ခြင်ခြင်းဆိုတာ အင်မတန်မွန်မြတ်တဲ့အလုပ်တစ်ခုပါ။ လောကမှာ တွေးစရာတွေ အင်မတန်များပါတယ်။ မေမေက ဒိဋ္ဌသိရတဲ့ဟာတွေ များတဲ့အကြောင်းကို ပြောပြလိုက်တာ အင်မတန် သဘောကျစရာ ကောင်းတာပါပဲ။ သို့သော်လည်း ရှားမီးခဲကို ရေထဲချတော့ ဘာပြုလို့ အောက်အစ်အီးအွတ်လို့ မမြည်ဘဲ ရှဲခနဲမြည်

mgyoe.com

mgyoe.com


ရသလဲ။ ထုံးနဲ့နနွင်းကိုရောတော့ ဘာပြုလို့မမဲဘဲ နီသွားရသလဲ။ ရေနံဆီနဲ့ မီးနဲ့ထိရင် ဘာပြုလို့ငြိမ်းမသွားဘဲ တောက်လာရသလဲ။ အပျိုမှန်ရင် ဘာပြုလို့ သားမမွေးရသလဲ ဆိုတာကို သေသေချာချာ ခြေခြေမြစ်မြစ် မေးပြန်ရင် အဖြေရ အင်မတန်ခက်ဦးမှာပဲ။ သည့်အတွက် ကွမ်းစားခြင်းအလေ့မှာ မြင့်မြင့် သဘောရရှိတာကိုသာ ပြောပြရတာပဲ။ ဒီ့ပြအမှန်ကိုတော့ မြင့်မြင့် မပြောဝံ့ပါဘူး"

(ခို) "အဲသည်အလုံးတွေကြောင့် မြင့်မြင့်ကို ကျုပ်အံ့သြတာပါပဲ။ အိုင်အေ၊ ဘီအေ အောင်တဲ့ ယောကျ်ားကလေးများထဲမှာ အခုလို ဥပမာဥပမေယျနဲ့ လျှင်လျှင်မြန်မြန် ခုခံပြောဆိုနိုင်တဲ့လူ အင်မတန်ရှားပါတယ်။ မြင့်မြင့် ယောကျ်ားကလေးများဖြစ်ရင် အင်မတန် အဖိုးတန်မှာပါပဲ"ဟု တလော ထပ်မံ၍မြှောက်ပြန်လေရာ မြင့်မြင့်က "ကိုဘခိုက သည်လောက်တောင် မမြှောက်ပါနဲ့ရှင်၊ မြင့်မြင့်က ထပြီးခုန်လိုက်ပါလိမ့်မယ်..."

(တုတ်) "မခုန်ပါနဲ့သမီးရယ်။ မေမေ ကြောက်လှပါတယ်၊ ဒါထက် မောင်ဘခို ကျောင်းကို တိုက်ရိုက်လာတာပဲလား... ဘယ်ကိုများရောက်ခဲ့သေးသလဲ..."

(ခို) "ဘယ်ကိုမှမရောက်ခဲ့ပါဘူး ဒေါ်ဒေါ်ရဲ့၊ ကျွန်တော် သည်လောက်တောင် မလည်မပတ်ပါဘူး၊ ဘာပြုလို့ မေးတာလဲ ဒေါ်ဒေါ်ရဲ့" ဟု အမူအရာဟန်ပါပါ ပြန်ပြောလေ၏။

မောင်ဘခိုသည် မိန်းမကြီး မိန်းမငယ်တို့နှင့် ပြောဆိုပေါင်းသင်းဆက်ဆံရာတွင် အမူအရာ များစွာပါသူ တစ်ယောက်ဖြစ်သောကြောင့် ၎င်းနှင့် အသိအကျွမ်းဖြစ်ရခြင်းကို လိုလားတောင့်တသော မိန်းမတို့သည် အများပင် ရှိကြလေ၏။ အကြောင်းမူကား ၎င်း၏ ဟန်ဓာတ်ခုတ်ခြင်းတို့မှာ ၎င်း၏လက်၌ရှိသော ကြီးသော စိန်လက်စွပ်ကြီးကြောင့် များစွာတင့်တယ်၍နေလေ၏။ သို့သော်လည်း ယောကျ်ားမှန်လျှက် စိန်လက်

mgyoe.com

mgyoe.com


စွပ်ကြီးကို ဝတ်ဆင်ကြသူများမှာ ပင်ကိုဖြစ်သော ဂုဏ်အရည်အချင်း မပြည့်စုံခြင်းကြောင့် ဂုဏ်ကို စိန်ရွှေနှင့် ထပ်လောင်းဖြည့်စွက်ရကြောင်း ကို မောင်ဘခိုနှင့်တကွ မောင်ဘခိုကို လေးမြတ်သူတို့သည် များစွာ တွေးတောမိကြဟန်မရှိဟု မှတ်ထင်ဖွယ်ရာရှိပေသည်။

မိန်းမများမှာ အဆင်းသည် ဥစ္စာမည်သည်ဟု လူကြီးသူမများ ပြောဆိုခဲ့ကြသောကြောင့် မိန်းမတို့မှာ စိန်ရွှေများစွာ ဆင်မြန်းခြင်းသည် များစွာအပြစ်တင်ဆိုဖွယ်ရာ မရှိလှချေ။ ယောကျ်ားများမှာမူ စိန်ရွှေကို လွန်စွာဆင်ခြင်းသည် ပင်ကို၌ အဖိုးများစွာမထိုက်ကြောင်း သိသာ ထင်ရှားစေသော အမှတ်တစ်ခုဖြစ်သည်ဟု ပညာရှင်များ ပြောဆိုကြ လေသည်။ အကြောင်းကိုဆိုသော် အဖိုးထိုက်သော ရွှေသတ္တုဖြင့်ပြီးသော အိုးခွက်စသည့် အရာဝတ္ထုတို့မှာ အထူးတလည် ထုလုပ်ကာ တန်ဆာ ဆင်ရန် များစွာမလိုသည်သာမက ပန်းအပြောက်မရှိဘဲ စင်းချောပြောင် ပြောင်ထားခြင်းသည် အခါများစွာ သာလွန်၍ပင် တင့်တယ်ခမ်းနားလေ ၏။ သစ်သားဖြင့် ပြီးသောအရာ၊ မြေကြီးဖြင့် ပြီးသော အရာတို့မှာမူ ပန်းချီ ပန်းပုလက်စွမ်းဖြင့် ထူးသည်ထက်ထူးအောင် ထုလုပ်ခြယ်လှယ်နိုင် မှ အဖိုးအနဂ္ဃထိုက်တန်သည်မှာ ဓမ္မတာသဘောဖြစ်လေ၏။

(တုတ်) “သည်လိုပါ မောင်ဘခိုရဲ့၊ မင့်မိဘများကလည်း မင်းကို သတိပေး ဆုံးမပေးဖို့ရန် ဒေါ်ဒေါ့်ကို မကြာခဏ မှာထားဖူးလို့ ပြောရပါတယ်။ မင်းတို့လို ငယ်ငယ်ရွယ်ရွယ် ကျောင်းသားများမှာ ပိုက် ဆံက သွေးကိုမြှောက်မှဖြင့် ရောက်ရာမှာ ပျော်စရာပါးစရာတွေနဲ့ တွေ့ လွန်းလို့ သတိပေးရတာပါ။ ရန်ကုန်မြို့ဆိုတာ အင်မတန်အားကောင်း တဲ့ ပွတ်စင်ကြီးနဲ့တူပါတယ်။ အဘယ်မျှလောက်ကြမ်းတဲ့ သစ်သားဖြစ် စေကာမူ သူ့ပွတ်ကာ ဆောက်နဲ့စားလိုက်မှဖြင့် ချောမွတ်လှပပြီးသွား တာပဲ။ အချောလွန် အလှလွန်ပြီး ပြောင်သည်ထက် ပြောင်၊ ချောသည်

mgyoe.com

mgyoe.com


ထက် ချောသွားမှဖြင့် ကျိုးပဲ့ပျက်စီးသွားမှာကို ကြောက်ရပါတယ်”ဟု ပြောလေရာ မောင်ဘခိုသည် မြင့်မြင့်၏မျက်နှာကိုကြည့်လျက် မတုတ်၏စကားများကြောင့် အံ့အားသင့်၍နေလေ၏။

မတုတ်သည်ကား… မည်သည့်အဆန်းအပြားကိုမျှ မတွေးတောဘဲ ရိုးရိုးသားသား ပြောဆိုလေ၏။ မြင့်မြင့်သည်လည်း ထိုစကားများ၌ ထူးခြားသောအနက်ဒြပ် တစ်စုံတစ်ရာရှိသည်ဟု အနည်းငယ်မျှ တွေးတောမိဟန်မရှိဘဲ ဆိတ်ငြိမ်စွာ နားထောင်၍သာနေလေ၏။

(ခို) “ကျွန်တော် သည်လောက်မလည်ပါဘူး ဒေါ်ဒေါ်ရဲ့၊ ကျွန်တော် ကျောင်းမှာအမြဲနေပါတယ်။ ကျောင်းကထွက်ရင် ဒေါ်ဒေါ်တို့အိမ်ကို လာတာပါပဲ။ သည့်ပြင်လည်း ရန်ကုန်မြို့မှာ အသိမိတ်ဆွေများများ မရှိ၊ လည်ရင်ပတ်ရင်လည်း တစ်ယောက်တည်း လူပြတ်တဲ့ဆိတ်ငြိမ်ရာ လမ်းများမှာ အေးအေးဆေးဆေး လမ်းလျှောက်တာပါပဲ။ ကျွန်တော် နားအေးပါးအေးနေတတ်တဲ့ ဝါသနာရှိပါတယ်။ မြို့ထဲကို လျှောက်မှဖြင့် မျက်စိရှုပ်လွန်းလို့ လမ်းလျှောက်ရတဲ့အတွက် စိတ်လက်ကြည်လင်ဖို့ နေနေသာသာ စိတ်ထဲမှာနောက်ပြီး ရှုပ်ပွေသွားတာပါပဲ”

(တုတ်) “သည်လို အေးအေးဆေးဆေးနေတတ်တာပဲ ကောင်းပါတယ်ကွယ်။ ပညာသင်တဲ့အရွယ်ဆိုတာ အပျော်အပါး အသွားအလာများရင် လစ်ဟင်းတတ်တာပဲ။ လည်ပါများတဲ့ လှည်းဘီးဆိုတာလိုပဲ ဖြစ်တတ်တာကလား။ ဒေါ်ဒေါ်တို့ကို အဒေါ်အရင်း၊ အရီးအရင်းလို သဘောထားပြီး သည်လိုပဲ ဝင်တာထွက်တာပေါ့။ ဒေါ်ဒေါ်တို့မှာတော့ လူအနည်းသားကလားကွယ်”ဟု ပြောလေရာ မောင်ဘခိုက မိမိ၏စိတ်၌ စွဲရင်းတိုင်း အပိုးလုံးက ကုန်းကာကုန်းကာ ကြွ၍ထလာသောကြောင့် မိမိကို မြင့်မြင့်နဲ့မှန်းထားပြီး စခန်းသွားဖို့ရန် ကြံစည်တာပဲဟု အောက်မေ့လေ၏။

mgyoe.com

mgyoe.com


မောင်ဘခိုသည် စကားပြောရင်း "ပီယာနို" ကို ကြည့်ကာ "မြင့်မြင့် ပီယာနိုတီးတတ်သလား" ဟု မေးလေ၏။

(မြင့်) "နည်းနည်းပါးပါး တီးတတ်ပါရဲ့၊ ကိုဘခို မတီးတတ်ဘူးလား..."

(ခို) "မတီးတတ်ပါဘူး မြင့်မြင့်ရဲ့။ မြင့်မြင့်တီးတတ်ရင် နားထောင်ပါရစေ..." ဟု ပြောလေရာ မြင့်မြင့်သည် ပီယာနိုရှိရာသို့ထလာပြီးလျှင် ပီယာနိုကိုဖွင့်၍ ဘောလယ်တစ်ပုဒ်ကို တီးပြလေ၏။

ထိုအခါ မောင်ဘခိုက "မြင့်မြင့် တယ်တော်ပါကလား၊ အတီးအမှုတ်ဆိုတာ အဌာရသထဲမှာပါတဲ့ပြင် အိမ်ကိုလည်း အင်မတန်သာယာစေတတ်တဲ့ အတတ်ဖြစ်ပါတယ်။ မြင့်မြင့်တီးပုံဟာ အင်မတန်ယဉ်ကျေးတာပဲ၊ တခြားလူများတီးတာကိုလည်း ကြားဖူးပါရဲ့။ အခုကြားရတာလောက် ညင်ညင်သာသာမရှိဘူး၊ အတီးအမှုတ်ဆိုတာ နဂိုစိတ်သဘောက ယဉ်ကျေးမှ ကောင်းတာကလား မြင့်မြင့်ရဲ့"

ထိုအခါ အမြှောက်ခံရသူမြင့်မြင့်မှာ မျက်နှာများနီလျက် ရှက်ကိုးရှက်ကန်းဖြစ်ပြီးလျှင် ပီယာနိုကိုပိတ်ကာ ဆက်လက်၍ စကားပြောလေ၏။

မောင်ဘခိုသည် စကားပြောရင်း ပီယာနိုသို့ ကပ်သွားပြီးနောက် ပီယာနိုကိုဖွင့်ကာ အနည်းငယ်တို့ကာ နှိပ်ကာ စမ်းသပ်၍ကြည့်လေရာ၊ မြင့်မြင့်သည် ပီယာနိုထိုင်ခုံပေါ်မှ မဆင်းဘဲ မောင်ဘခို နှိပ်ပုံကိုင်ပုံကိုကြည့်၍နေလေ၏။ မတုတ်သည်ကား ထိုင်ရာမှထ၍ အိမ်ကိစ္စများကိုလုပ်ကိုင်သကဲ့သို့ တဖြည်းဖြည်း တရွရွ လှုပ်ရှားသွားလာ၍နေသောကြောင့် မောင်ဘခိုနှင့်မြင့်မြင့်တို့ကို ဂရုမပြုသကဲ့သို့နေလေ၏။

မောင်ဘခိုက ပီယာနိုကို စမ်းသပ်တို့နှိပ်ရင်း ပီယာနိုပေါ်၌ တင်၍ထားသော မြင့်မြင့်၏လက်ကို အမှတ်တမဲ့ မတော်တဆလိုလိုနှင့် အုပ်

mgyoe.com

mgyoe.com


ကာကိုင်လေရာ မြင့်မြင့်က အသာကလေး ပြန်၍ရုပ်ပြီးလျှင် ထိုင်ရာမှ ထတဲ့၍ "ကိုဘခို နည်းနည်းမှ မတီးတတ်ဘူးလား စမ်းကြည့်ပါလား" ဟု ပြောကာ အခြားကုလားထိုင်တစ်ခုရှိရာသို့ သွား၍ထိုင်လေ၏။

မောင်ဘခိုလည်း မျက်နှာများပျက်လျက် စကားပြန်၍ မပြောဘဲ ထိုင်ကာ အသံကိုစမ်းပြီးလျှင် ပတ္တလားခေါက်သကဲ့သို့ အနည်းငယ် တီးခေါက်စမ်းသပ်ကြည့်ပြီးနောက် ပီယာနိုကိုပိတ်ပြီးလျှင် နေအတော် စောင်းသဖြင့် "ကိုင်း ... မြင့်မြင့် သွားဦးမယ်နော် ....၊ ဒေါ်ဒေါ် ကျွန် တော်သွားပါဦးမယ်" ဟု ပြောလေ၏။

မတုတ်က "သြော်... သွားတော့မလား၊ အေး... အေး မောင်၊ နောက်ကို လာပြီးလည်လှဲ့ဦးနော်" ဟု ပြောလေရာ၊ မောင်ဘခိုက "နောင် ခါကျတော့ လာလွန်းတယ်လို့ ပြောပြောနေမှာလား မြင့်မြင့်ရဲ့" ဟု မြင့်မြင့်ကိုကြည့်ကာ ပြောလေရာ မြင့်မြင့်က "မပြောပါဘူးရှင့် ... ကိုဘခို လာတာကို မြင့်မြင့်က ဘာပြုလို့ သဘောမကျဘဲ ရှိရမှာတဲ့တုံး" ဟု ပြောလေ၏။

မြင့်မြင့်သည် ထိုစကားကိုပြောရာ၌ မောင်ဘခိုနှင့် တစ်စုံတစ်ရာ မသက်ဆိုင်ကြောင်းကို သိစေလို၍ ပြောလိုက်ခြင်းဖြစ်လေ၏။ မောင် ဘခိုသည်ကား မိမိကိုချစ်သောကြောင့် ထိုကဲ့သို့ ပြောသည်ဟု မှတ်ယူ ကာ မိမိသဘောကျရာကို တွေးတောကာ ဆင်းသွားလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း (၅)

မောင်ဘခိုသည် မြင့်မြင့်၏အိမ်သို့ မကြာခဏ လာလေ၏။ မတုတ်သည်ကား ရိုးသားသော မိန်းမဖြစ်သောကြောင့် ကာလညာဏ်များသော ယောကျ်ားပျိုကလေး မောင်ဘခိုကို အဘယ်ကဲ့သို့ပင် အကဲခတ်စေကာမူ သဘောရင်းစိတ်အရှိကို ထွင်းဖောက်၍သိနိုင်ရန် ခက်ခဲလျက် အပြင်အပ အမူအရာ အပြောအဆို၏ယဉ်ကျေးသိမ်မွေ့ခြင်းကိုသာလျှင် သိမြင်ရ၍ တစ်စတစ်စ သဘောကျပြီးလျှင် သမီးကလေး မြင့်မြင့်ကို ဆင်စီး၍မြင်းရံသည်ကို မြင်ချင်သည့်သဘောအတိုင်း ဉစ္စာခနေပေါကြွယ်ဝသော မောင်ဘခိုနှင့် အကြောင်းသင့်မြတ်စေရန် ဆန္ဒရှိလေ၏။

မောင်ဘခိုသည် မြင့်မြင့်ထံသို့ လာရောက်လည်ပတ်သောအခါ တစ်ခေါက်လာလျှင် အဝတ်တစ်မျိုးဝတ်ဆင်၍ လာလေ့ရှိ၏။ မောင်ဘခို အိမ်အနီးသို့ ရောက်၍လာလျှင် ရေမွှေးနံ့ ထောင်းခနဲပေါက်၍လာလေ၏။ အကြောင်းမူကား မောင်ဘခိုသည် အကောင်းဆုံးသော ရေမွှေးတို့ကို အဖိုးကြီးစွာပေး၍ ရောစပ်ပြီးလျှင် ဖောဖောသီသီ သုံးစွဲဖျန်းပက်သူတစ်ယောက်ဖြစ်လေရာ မြင့်မြင့်က ၎င်းကို ကတိုးကောင်ဟူသော နာမည်ကို ပေး၍ထားလေ၏။ မောင်ဘခိုလာသည့်အခါတိုင်း မြင့်မြင့်အတွက် လက်ဆောင်တစ်ခုခုပါ၍လာခဲ့လေ၏။ မြင့်မြင့်သည် ရှေးဦး

mgyoe.com

mgyoe.com



ပထမ မောင်ဘခို လာရောက်သည်ကို သဘောမကျသော်လည်း စွဲစွဲမြဲမြဲ ကြိုးစားအားထုတ် လာရောက်ပိုးပန်းသူတစ်ယောက်ဖြစ်သောကြောင့် ရက်စက်စွာ မပြောမဆိုချင်သေးသဖြင့် တစ်ကြောင်း၊ မိခင်အလိုကို သိသောကြောင့် တစ်ကြောင်း၊ အနည်းငယ် အားနာသောကြောင့် တစ်ကြောင်း၊ အရောတဝင်ပြုရလေ၏။ ထိုကဲ့သို့နေလေရာ ယောကျ်ားကလေးနှင့် မိန်းမကလေးတို့မှာ အကြိမ်ကြိမ် တွေ့ဖန်များသောအခါ ထောက်ထားညှာတာ ကြင်နာသည့်သဘောသည် တစ်စတစ်စ သက်ဝင်၍လာပြီးလျှင် မချစ်သော်လည်း လုံးလုံးကြီးမမုန်းဘဲ ခင်ခင်မင်မင်ဖြစ်လေ၏။ မြင့်မြင့်သည် ထိုကဲ့သို့ ခင်မင်၍လာသော်လည်း မောင်ဘခိုအား ယူမည်ဟု ဘယ်အခါမျှ စိတ်ထဲ၌ အောက်မေ့ကြံစည်ခြင်း မရှိခဲ့သေးချေ။ မောင်ဘခိုမှာမူ မြင့်မြင့်ကို ရတော့မည်ဟူ၍သာလျှင် နေ့ရောညပါ တွေးတောအားပြုကာ နေလေ၏။

တစ်ရံတစ်ခါ အိမ်သို့ မောင်ဘခို လာရောက်လည်ပတ်သည့်အခါ မတုတ်နှင့်မတွေ့ရ၊ မြင့်မြင့်နှင့်သာ တွေ့ရသောကြောင့် မောင်ဘခိုသည် ထိုကဲ့သို့ ကြုံကြိုက်ခြင်းများ၌ အစွမ်းကုန် မြင့်မြင့်ကို နှုးလေ့ရှိ၏။ မြင့်မြင့်သည်ကား အားနာသောကြောင့် မောင်ဘခို၏စကားကို နားထောင်၍ နေရသော်လည်း စိတ်ထဲ၌ ညွတ်နူးခြင်းမရှိ၊ ကထိကရိ အစကိုလည်း မခံဘဲ ကျောက်တိုင်ကျောက်ခဲပမာ လှုပ်ရှားယိမ်းယိုင်ခြင်းမရှိဘဲ နေလေ၏ ။

တစ်နေ့သ၌ မြင့်မြင့်တစ်ကိုယ်တည်း အိမ်အောက်၌ ဒန်းကလေးစီးကာ ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးကို ဖတ်ကာနေလေရာ မြင့်မြင့်၏စိတ်သည် ထိုဇာတ်ထဲသို့ လုံးလုံးကြီးရောက်လေ၏။ ထိုအခိုက်တွင် မောင်ဘခိုရောက်၍လာလေရာ မြင့်မြင့်ကို အိမ်အောက်၌ တွေ့၍နေသဖြင့် အိမ်ပေါ်သို့မတက်တော့ပါဘူးဟု စိတ်ထဲတွင် အောက်မေ့ပြီး မတက်

mgyoe.com

mgyoe.com


လျှင်မဖြစ်သေးဘူး၊ မြင့်မြင့်ကို တမင်တွေ့ရအောင် လာသကဲ့သို့ ဖြစ်နေတော့မည်ဟု အောက်မေ့ကာ "မြင့်မြင့် ဘာစာအုပ်များ ဖတ်နေပါလိမ့်မလဲ၊ ဒေါ်ဒေါ်အိမ်ပေါ်မှာ ရှိသလား" ဟု မေးလေရာ၊ မြင့်မြင့်က "ရှိပါတယ်၊ မေမေနေမကောင်းလို့ အိပ်နေတယ်၊ ထိုင်လေ" ဟု ပြောလေရာ၊ မောင်ဘခိုမှာ၊ ရေငတ်တုန်းမိုးရွာ၊ ဓားရာကိုခြစ်မိဆိုသောစကားကဲ့သို့ အိပ်၍နေသူ ဒေါ်တုတ်ကိုသွား၍ ကြည့်ရလျှင် နှောင့်ယှက်ရာ ကျတော့မည်ဟု အောက်မေ့ကာ တစ်ခုသောခွေးခြေကို ဆွဲယူ၍ ထိုင်လေ၏။

မြင့်မြင့်လည်း ဖတ်၍နေသော စာအုပ်ကိုပိတ်ကာ၊ ဒန်းပေါ်၌ မိမိ၏နံဘေးတွင်ချပြီး အသာတရ ဒန်းလွှဲကာနေလေ၏။

မောင်ဘခိုသည် စာအုပ်ကိုထ၍ယူပြီး ဖတ်ကြည့်လေရာ။ ဝိဇယကာရီဇာတ်တော်ကြီး ဖြစ်ကြောင်းကို သိလျှင် စာအုပ်ကို မြင့်မြင့်အား ပြန်၍ပေးပြီး "မြင့်မြင့် သည်စာအုပ်တွေကိုဖတ်လို့ စကားတတ်တာပါပဲ" ဟု စ၍ပြောလေသည်။

(မြင့်) "စကားမတတ်ပါဘူး ကိုဘခိုရဲ့၊ မိန်းမဟာ ဘယ်လောက်ပဲ တတ်တယ်၊ လိမ္မာတယ် ဆိုစေကာမူ ယောကျ်ားကိုမမီပါဘူး"

(ခို) "မိန်းမလည်းလူပဲ၊ ယောကျ်ားလည်းလူပါပဲ။ ပညာသင်ရတဲ့လူက အများအားဖြင့် အသိအလိမ္မာပိုတာပါပဲ။ ယောကျ်ားတွေ ပညာမသင်ဘဲနေပြီး မိန်းမတွေကိုချည်း ပညာသင်ပေးမယ်ဆိုရင် နှစ်ပေါင်းငါးရာလောက် တစ်ထောင်လောက်ကြာရင် ယောကျ်ားတွေဟာ တစ်စတစ်စ ညံ့ဖျင်းပြီး မိန်းမတွေက အစစအရာရာမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်နေမှာပေါ့။ ပျားများကိုကြည့်ပါ၊ အမများက ပျားရည်ကိုရှာ၊ ပျားသလက်ကို ဆောက်လုပ်ကြရတယ်။ အဖိုများက ပျားရည်ကိုစားဖို့သက်သက်၊ ပေါက်ပွားပြီး နေကြရတာပါပဲ။ အခုတောင် မြန်မာလူမျိုးတို့အထဲမှာ မိန်းမခေါင်းဆောင်လို့ စားနေကြရတာတွေ အရှိသားကပဲ"

mgyoe.com

mgyoe.com


ဟု ပြောရင်း ခွေးခြေကို ရှေ့သို့တိုးသွားပြီးလျှင် မြင့်မြင့်စီး၍နေသော ဒန်းကို မလွဲအောင် ဆွဲကိုင်၍ထားလေရာ မြင့်မြင့်သည် အံ့အားသင့်လျက် မောင်ဘခို၏မျက်နှာကို စိုက်၍ကြည့်နေလေ၏။

ထိုအခိုက်တွင် မောင်ဘခိုသည် အင်္ကျီအိတ်ထဲမှ စက္ကူသေတ္တာကလေးကို ဆွဲ၍ထုတ်ပြီးလျှင် မြင့်မြင့်အား ပေးလေ၏။

မြင့်မြင့်သည် မယူချင့်ယူချင်နှင့် "ဘာများပါလိမ့်မလဲ ကိုဘခိုရဲ့" ဟု မေးကာ ကိုင်ယူဖွင့်လှစ်၍ ကြည့်လေရာ၊ အလွန်တရာ အဖိုးတန်သော လက်ပတ်နာရီတစ်ခုဖြစ်ကြောင်းကို တွေ့ရလေလျှင် အံ့အားသင့်လျက် "ကိုဘခို... ရှင် ဘယ့်နှာတွေကို လုပ်တာလဲ။ သည်လို ဝယ်ခြမ်းပေးကမ်းနေတာကို ရှင့်အိမ်က သိရဲ့လား။ ဩော်... ဒုက္ခ၊ ဒုက္ခ... ကျွန်မဖြင့် ပြောပဲ မပြောချင်ပါဘူး" ဟု ပြောလေ၏။

မောင်ဘခိုက "မြင့်မြင့်ရဲ့... သည်လိုမပြောပါနဲ့၊ ကျုပ်ချစ်လို့ပေးတာကို ယူစမ်းပါ။ မလိုချင်ဘူးလား မြင့်မြင့်မှာ ဒါမျိုးတွေပေါ်များလို့ မလိုချင်ဘူးထင်ပါရဲ့" ဟု ဝမ်းနည်းသော အမူအရာနှင့် ပြောလေရာ မြင့်မြင့်က "မပေါ်ပါဘူး ကိုဘခိုရဲ့၊ မြင့်မြင့် သည်လောက်အဖိုးတန်တဲ့ လက်ပတ်နာရီကို တစ်ခါမှ အသုံးမပြုဖူးပါဘူး၊ အင်မတန်လှတဲ့ နာရီပါပဲ။ သို့သော်လည်း မြင့်မြင့်အတွက် သည်လောက်တောင် ငွေဖြုန်းရင်စိတ်တောင် မကောင်းတော့ပါဘူး" ဟု ပြောလေ၏။

ဘခိုက "အို ဘာပြုလို့ စိတ်မကောင်းရသလဲ။ ကျုပ်ရှေ့မှာ ဝတ်စမ်းပါ။ မြင့်မြင့်လက်ကလေးနဲ့ အင်မတန် တော်မှာပါပဲ" ဟု ပြောလေ၏။

ထိုအခိုက် မောင်ဘခိုက နာရီကိုကိုင်ယူပြီးလျှင် မြင့်မြင့်၏လက်ကိုဆွဲကာ ကိုယ်တိုင်ဝတ်၍ပေးလေ၏။

မြင့်မြင့်မှာ ယောကျ်ားကလေး၏ ကိုင်တွယ်ခြင်းကို ခံရသောအခါဓမ္မတာသဘောတရားအတိုင်း တစ်ကိုယ်လုံး တစ်ရင်လုံးမှာ ကြီးစွာသော

mgyoe.com

mgyoe.com


လှုပ်ရှားခြင်းဖြစ်သဖြင့် လက်ကို ပြန်၍ရုပ်သိမ်းမည် ပြုလိုက်သော်လည်း အားနာ၍အားပါဆိုသော စကားကဲ့သို့ အားနာလျက် စကားမပြောနိုင်ဘဲ ငြိမ်သက်စွာ ခံ၍နေရလေ၏။

လက်ပတ်နာရီကိုဝတ်ဆင်၍ ပြီးသောအခါ မောင်ဘခိုသည် မြင့်မြင့်၏လက်ကို ရုတ်တရက်မလွှတ်ဘဲ စီးစီးပိုင်ပိုင် ဆုပ်ကိုင်ကာ မြင့်မြင့်၏မျက်နှာကို ကြည့်၍ နေလေရာ၊ မြင့်မြင့်သည် ၎င်း၏မျက်နှာကို ကြည့်လျက် အားနာခြင်းနှင့် သနားခြင်းရောပြွမ်းကာ ကြင်နာလျက် အနည်းငယ်မေတ္တာစာတ် ရောဝင်၍စွက်ပြီးလျှင် လက်ကလေးကို ပြန်ရုန်းကာ မယူရက်ဘဲ အသာတရ ငြိမ်သက်စွာနေမိလေ၏။

ထိုအခါ မောင်ဘခိုက "မြင့်မြင့်ရဲ့... မင့်အတွက်ကုန်ကျရတာတွေကို ကုန်ကျတယ် မထင်ပါ။ ကျုပ်အသက်ပါ အကုန်ခံဖို့ရန်တောင် အသင့်ရှိပါတယ်။ မြင့်မြင့်အတွက် ကျုပ်ရူးနေတာကို မြင့်မြင့်မသိဘူးလား" ဟု ပြောလေ၏။

ထိုအခါ မြင့်မြင့်သည် မောင်ဘခို၏မျက်နှာ၌ ကြီးကျယ်စွာ ပြောင်းလဲ၍လာသည်ကို မြင်ရသောအခါ ထိတ်လန့်ကြောက်ရွံ့သလို ဖြစ်ပြီးလျှင် လက်ကိုသိမ်းရုပ်လိုက်လေရာ မောင်ဘခိုကိုင်၍ထားသော လက်သည် လွတ်သွားလေ၏။

မြင့်မြင့်သည်ကား မိမိလက်၌ တပ်ဆင်၍ထားသော အဖိုးတန်ရွှေနာရီကိုကြည့်ရင်း ခေါင်းငုံ့ကာ စကားမပြောဘဲ စကားရှာ၍မတွေ့နိုင်အောင် ရှိသဖြင့် ငြိမ်သက်စွာနေလေ၏။

မောင်ဘခိုသည်ကား ငြိမ်သက်စွာနေခြင်းသည် သဘောတူခြင်း၏ အမှတ်ဖြစ်သည်ဟု မှတ်ယူကာ အချစ်သွေးလောကာ ကြွသောကြောင့် ဆီးတားပိတ်ပင်၍မရသော စကားများသည် နှုတ်ပါးစပ်မှ ပွက်ဆူဝေလျှံကာ ပေါ်ထွက်၍လာသည်မှာ...

mgyoe.com

mgyoe.com


(ခို) "မြင့်ရဲ့ ကျုပ် မင့်အတွက် သည်လောက်တောင် ဣန္ဒြေမရဖြစ်နေတာကို သိလျက်နှင့် ကြည့်ကောင်းလို့ ယခုလိုနေတာလား။ သည်အကောင်ဖြင့် ငါ့ကိုကြိုက်လွန်းလို့ ရူးနေတာပဲ။ ရူးလို့မက သေသေလို့ သဘောထားပြီး ရူးသည်ထက်ရူးအောင် မင့်စိတ်က ကြံစည်ပြီးနေသလား၊ မင့်အတွက် ထမင်းလည်းမစားနိုင်၊ အိပ်လို့လည်းမပျော်၊ စာထဲမှာလည်း စိတ်မရောက်၊ ဆယ်တန်းမှာ နှစ်နှစ်ရှုံးခဲ့ပြီးပါပြီ၊ ယခုနှစ် မင့်အတွက် တစ်ကြိမ်ရှုံးရဦးမလို ဖြစ်နေတာပါပဲ"

(မြင့်) "အရင်နှစ်တွေက ဘယ်သူ့အတွက်ရှုံးခဲ့သလဲ ကိုဘခိုရဲ့။ မြင့်မြင့်ကို ချစ်ရင် မှန်မှန်ပြောစမ်းပါ"

(ခို) "အမယ်လေး ဘယ်သူ့အတွက်မှမဟုတ်ပါဘူး၊ နဂိုက ဟန်မကျလို့ ရှုံးခဲ့တာပါ။ အခုနှစ်တော့ ကြိုးစားရင် အောင်ဖို့ရှိပါလျက်မအောင်ဘဲနေရရင် ကျုပ်အပြစ်မဟုတ်ပါဘူး မြင့်ရဲ့။ မြင့်မြင့်မိဘများက သည်လောက်တောင် လှအောင်မွေးထားတာဟာ ဆယ်တန်းမှာ ကျုပ်သုံးနှစ်တိတိ ရှုံးဖို့ဖြစ်တာပါပဲ။ ကျုပ်အပြစ်မဟုတ်ပါဘူး၊ ဟောသည်မင့်မျက်လုံးကလေး၊ နှုတ်ခမ်းကလေး၊ မျက်နှာကလေးတွေဟာ စာကျက်ရာမှာ တမင်လာပြီး ကိုးရိုးကားရား ဖျက်လိုဖျက်ဆီး ကဖျက်ယဖျက်လုပ်လို့ပါ။ မြင့်မြင့်ရဲ့အပြစ်ပါပဲ။ သူတစ်ထူး စာကျက်လို့မရအောင် လှချင်တိုင်းလှနေသူကလေးကိုဖြင့် အပြစ်ဒဏ်ပေးမှ တော်မယ်လို့ ထင်ပါတယ်။ ဘယ်လိုအပြစ်ဒဏ်လဲဆိုတော့ အရုပ်ဆိုးတဲ့ မုန်းစရာလူတစ်ယောက်နဲ့ ပေါင်းသင်းဖို့ အပြစ်ဒဏ်ဖြစ်ပါတယ်။ သည့်အတွက် အရုပ်ဆိုးတဲ့ မုန်းစရာလူဟာ မြင့်မြင့်ကို အပြစ်ပေးရအောင် ဟောသည်အပါးကို ရောက်နေပါပြီ" ဟု ရင်ဘတ်ကို လက်နှင့်ပုတ်ပြကာ ပြောလေ၏။

မြင့်မြင့်က ပြုံးရယ်လျက် မော်ကြည့်ကာ "သည်အပြစ်ဒဏ်မျိုး

mgyoe.com

mgyoe.com


ကို မြင့်မြင့်ကို ပေးချင်ရင် ရှင့်ထက် အရုပ်ဆိုးတဲ့လူကို ရှာခဲ့ပါ။ ကိုဘခိုဟာ ကိုယ့်ကိုယ်ကိုယ် သည်လောက်တောင် နှိမ့်ချပေမဲ့ နှိမ့်ချသလောက် အရုပ်မဆိုးပါဘူး။ ကိုဘခိုက မုန်းစရာလည်း မကောင်းပါဘူး" ဟု ပြောလေ၏။

ထိုအခါ မောင်ဘခို၏မျက်လုံးများ၌ မျှော်လင့်ခြင်း၏ အလင်းရောင်သည် ပြိုးပြိုးပြက်ပြက် ပေါ်ထွက်၍ လာပြီးလျှင် "မြင့်မြင့် အဟုတ်ပြောတာလား၊ ကျုပ်ကို တကယ်မမုန်းဘူးလား" ဟု မေးကာ တစ်ဖန် လက်ကိုကိုင်ဆွဲမည်ပြုလေ၏။

မြင့်မြင့်က လက်ကိုဖယ်ရှားလျက် "မမုန်းပါဘူး ကိုဘခိုရဲ့၊ သို့သော်လည်း မြင့်မြင့် ငယ်ငယ်ကလေး ရှိပါသေးတယ်။ ကိုဘခိုလည်း ပညာသင်ဖို့အချိန် များစွာရှိပါသေးတယ်။ သည်အကြောင်းတွေကို ပြောဖို့ မတော်သေးပါဘူး။ သည်အရေးဟာလည်း လူကြီးမိဘတို့နဲ့ဆိုင်တဲ့ အရေးဖြစ်ပါတယ်" ဟု ပြောလေရာ မောင်ဘခိုသည် ဆိတ်ငြိမ်စွာ နေရလေ၏။

မြင့်မြင့်၏စိတ်သည်ကား ငယ်ငယ်က တွေ့ကြုံခဲ့ရသော မောင်မောင်ကို ဘယ်အခါမျှ မမေ့ချေ။ မောင်ဘခိုကိုမူ ရိုးရိုးတန်းတန်းမျှသာ ခင်မင်၍နေသောကြောင့် ထိုအကြောင်းကို ပြောသောအခါ စိတ်ထဲ၌ တစ်မျိုးနာကျင်သကဲ့သို့ ရက်ကြောက်နာကျင်လေ၏။ မောင်ဘခိုနှင့် ထိုကဲ့သို့ပြောဆိုနေခိုက်တွင် မိမိကို တကယ်အမှန်ချစ်သော မောင်မောင်၏အကြောင်းကို တွေးလိုက်သောအခါ မောင်မောင်ကို လွန်စွာသနားမိလေ၏။ အကြောင်းကိုဆိုသော် မိမိ အခုလို မောင်ဘခိုနှင့် နီးကပ်စွာ စကားပြောဆိုနေသည့် အကြောင်းများကို မောင်မောင်သည် အနည်းငယ်မျှ မသိရှိရှာပါတကားဟု တွေးတောမိလေ၏။

မောင်ဘခိုသည်ကား မြင့်မြင့်ကို တကယ်ရပြီးသူကဲ့သို့ မိမိသူငယ်

mgyoe.com

mgyoe.com


ချင်းအချို့တို့အား မိမိ၏ရည်းစား မြင့်မြင့်အကြောင်းကို ပြောရှုပြထား လေ၏။ မြင့်မြင့်မှာ ထိုအကြောင်းတို့ကို မသိရှာချေ။

ထို့နောက် အတန်ကလေးကြာစွာ ဆက်လက်စကားပြောကြပြီး လျှင် မောင်ဘခိုသည် မိမိဘက်သို့ မြင့်မြင့်တစ်စတစ်စပါလာပြီဟု စိတ်ချ ကာ နှောင်များမကြာမီ လှပပျော့ပျောင်း ဖယောင်းပမာ သိမ်မွေ့နူးညံ့လှ စွာသော ကိုယ်ခန္ဓာကလေးကို မိမိရင်ခွင်ထက်သို့ ရောက်အောင် ပွေ့ ပိုက်ကာ ယူရလိမ့်မည်ဟု အားကိုးပြုကာ ပြန်သွားလေ၏။ အကြောင်း မူကား မတုတ်က မိမိကိုလိုလားကြောင်းကို မောင်ဘခိုသည် သိရှိလေ ၏ ။

❐

mgyoe.com

mgyoe.com

# အခန်း ၆

တစ်နေ့သ၌ အိမ်အောက်တွင် ညနေချမ်းအချိန် မြင့်မြင့်နှင့် မောင်ဘခိုသည် စကားပြောရ၍နေကြလေ၏။ စကားပြောဆိုနေခိုက်တွင် ယောကျ်ားပျိုတစ်ယောက် ဝင်ရောက်၍ လာပြီးလျှင် စကားမပြောဘဲ ပြုံးရွှင်လျက် မြင့်မြင့်ကိုရပ်ကာ ကြည့်၍ နေလေ၏။ ၎င်းယောကျ်ားပျိုသည် များစွာပိန်ကြုံလျက် မျက်နှာမှာ သွေးမရှိ၊ မေးစေ့နှာခေါင်းတို့မှာ ပြတ်ပြတ်သားသား အရိုးများလျက် ထင်ရှားသည်ကို သိရလေ၏။ ရွှေမျက်မှန်အောက်၌ အတော်ချိုင့်သော မျက်လုံးအိမ်များရှိကြောင်းကို များစွာကျသော နားထင်ကို မြင်သဖြင့် သိနိုင်လေ၏။

ထိုယောကျ်ားပျိုသည့် မြင့်မြင့်ကို စိုက်ကာကြည့်၍ နေလေ၏။ မြင့်မြင့်သည်လည်း အံ့အားသင့်လျက် ဘယ်သူများပါလိမ့်မလဲဟု တွေးတောကာ နေလေ၏။ ထိုအတွင်း မျက်လုံးထဲတွင် ဘွားခနဲထင်ပေါ်၍ လာသလိုဖြစ်ပြီး ထိုင်ရာမှထကာ လျင်မြန်စွာ အပါးသို့လာပြီးလျှင် "မောင်မောင်... မောင်မောင်... အမယ်လေး ရုပ်တွေများ ပျက်လို့ပါလား။ ဘယ့်နှယ်ဖြစ်လာသလဲ။ ဘယ်တုန်းကရောက်သလဲ။ အမယ်လေးတော်... ဘယ့်နှယ်

mgyoe.com

mgyoe.com


ဖြစ်နေပါလိမ့်။ အရင်ကနဲ့တောင် မတူပါဘဲကလား” ဟု ရင်ကိုထုကာ “လာပါ လာပါ၊ အိမ်ပေါ်ကိုတက်ပါ၊ မေမေ ရှိပါတယ်။ ကိုဘခို လာလေ… အိမ်ပေါ်ကိုတက်ပါဦးလား၊ ပြန်တော့မလား” ဟု ပျာယီးပျာယာ နှုတ်ဆက်ပြီး မောင်မောင်နှင့်အတူ ယှဉ်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

မောင်ဘခိုလည်း ပြန်သွားလေ၏။ အိမ်ပေါ်သို့ရောက်သောအခါ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ရင်း စကားမပြောနိုင်အောင် ရှိကြလေ၏။

မြင့်မြင့်သည် ပျာယီးပျာယာနှင့် အခန်းထဲကို ပြေးပြီး မိခင်အား ဧည့်သည်တစ်ယောက် ရောက်လာကြောင်း ပြောလေရာ မတုတ်သည် အခန်းထဲမှ ထွက်လာပြီးလျှင် မောင်မောင်ကို သေချာစွာကြည့်လေရာ အတန်ကြာမှ “အလို… ငါ့တူ၊ ဘယ့်နှယ်ဖြစ်လာသလဲ၊ ပိန်လှချည်ရဲ့လား၊ ကျောင်းက ထွက်လာပလား။ ထိုင်ပါ ထိုင်ပါ” ဟု ပြောလေရာ သုံးယောက်သား ထိုင်ကြလေ၏။

(မောင်) “ကျောင်းက ထွက်ခဲ့ရတယ်ဆိုပါတော့ ဒေါ်ဒေါ်ရဲ့၊ မဒရပ်မှာ ဆယ်တန်းအောင်သည်တိုင်အောင် ပညာဆက်လက် သင်နေပြီးနောက် ဆေးကျောင်းကို ဝင်ရပါတယ်။ ဆေးကျောင်းကိုဝင်ပြီး ခြောက်လလောက်ကြာရင်ပဲ ဖျားပြီးနောက် ဆရာဝန်က ပညာဆက်လက်သင်ရင် အသက်သေလိမ့်မယ်၊ နှလုံးမှာ ရောဂါစွဲတယ်လို့ ဆိုတာနဲ့ စိတ်ပျက်ပြီး ပြန်လာခဲ့တာပါပဲ။ ကျွန်တော့်အသားအရေ ဘယ့်နှယ်နေသလဲ ဒေါ်ဒေါ်ရဲ့၊ အင်မတန် ရုပ်ပျက်နေသလား။ သိပ်ပြီးပိန်နေတာပဲနော်” ဟု မိမိ၏လက်များကို ဖြန့်ထောင်ကြည့်လေရာ လက်များသည် တုန်၍နေသည်ကို မြင့်မြင့်မြင်ရသဖြင့် သနားသောကြောင့် ရင်ထဲမှာ ဆို့ကာ ဟိုယခင်ကသိခဲ့ရတဲ့ ရုပ်ဟောင်းကို ပြန်၍တွေးကာ ဝမ်းနည်းလျက် မျက်ရည်များလည်၍ လာလေ၏။

mgyoe.com

mgyoe.com


မတုတ်က အားလျော့မည်စိုးသောကြောင့် "သည်လောက်တောင်လည်း မပိန်ပါဘူး။ ရုပ်လည်း သိပ်ပြီးမပျက်လှပါဘူး။ ကြီးလာမှကိုး ကွယ့်... ငယ်ငယ်ကရုပ်နဲ့တော့ ဘာတူမလဲ" ဟု ပြောရသော်လည်း လွန်စွာ ရုပ်ပျက်နေကြောင်းကို ကောင်းကောင်းကြီး သိလေ၏။

(မြင့်မြင့်) "ဟုတ်တယ် ကိုမောင်မောင်... ကွဲနေကြတာလည်း အတော်ပဲ ကြာမှကိုး၊ သည်တော့ ရုပ်များလည်း ပြောင်းလာတာပေါ့။ အင်မတန်ကြီးတော့ မပိန်ပါဘူး"

မောင်မောင်သည် မြင့်မြင့်ကို ကြည့်ကာ လွန်စွာယဉ်ကျေးလှပပြည့်ဝသော အပျိုကြီးတစ်ယောက် ဖြစ်၍နေသည်ကို မြင်ရလေရာ မိမိနှင့်စာလိုက်သော် ငါးမြွေထိုးခြောက်နှင့် ဝက်သားနီချက်ကဲ့သို့ ခြားနားကြောင်း တွေ့မြင်ရလျက် အလွန်တရာ စိတ်ပျက်အားငယ်ကာ ဟိုယခင်ရှေးရှေးက အတူတကွ ပျော်ပျော်ရွှင်ရွှင် သွားလာနေထိုင်ခဲ့ကြရသည့် အကြောင်းများကို ပြန်လို့မှ မတွေးဝံ့အောင်ရှိလေ၏။

"ဤလှပသော မြင့်မြင့်သည် ငါနှင့်မထိုက်တန်ချေ။ ငါသည် ဤ တစ်သက်မှာ ဘဝဆုံးလေပြီ။ ဤ လှပယဉ်ကျေးပြည့်ဝသော ကိုယ်ခန္ဓာသည် ငါ့အတွက်မဟုတ်။ အခြားသော သူတစ်ယောက်အတွက်သာ ဖြစ်၏။ ငါသည်ကား ညှိုးငယ်မှိန်မှေးသော အိပ်ရာအခန်းချောင်ထဲ၌ မထင်မရှားနေကာ လွန်ပြီးတဲ့ အဖြစ်အပျက်တွေကိုသာ တရေးရေး တွေးပြီး တဖြည်းဖြည်းသေရမှာပဲ။ သူနဲ့ စကားပြောနေတဲ့လူဟာ ဘယ်သူများပါလိမ့်မလဲ။ ရုပ်ရည်လည်း သနားကမား၊ ကျောင်းသားနဲ့ ခပ်ဆင်ဆင်တူတာပဲ၊ သူနဲ့ ချစ်ကြိုက်၍များ နေလေသလား။ ချစ်ရင်လည်း ငါတစ်စုံတစ်ရာ တတ်နိုင်ဖို့မရှိ။ ငါနှင့် တစ်စုံတစ်ရာ မသက်ဆိုင်။ မနာလိုမုန်းထားစပ်ကြားက ဝန်တိုရန်လိုဖို့ မရှိ။ ဝေဒနာဖြစ်ရာမှာ ချစ်တာက ပို၍ဖိမှဖြင့် မသာဘဝကို ချက်ချင်းပင် ရောက်မှာပဲ" ဟု တွေးတောကာ

mgyoe.com

mgyoe.com


အလွန်တရာဝမ်းနည်းသော မျက်လုံးများနှင့်သာလျှင် မြင့်မြင့်ကို ကြည့်ကာနေလေ၏။

မြင့်မြင့်က အားပေးလိုသဖြင့် "ဆရာဝန်တွေကို အင်မတန်ကြီး မယုံပါနဲ့ မောင်မောင်ရဲ့၊ တချို့ဆရာဝန်တွေဟာ သူတို့မသိတဲ့ရောဂါ တစ်ခုခုကိုတွေ့ရင် အဆုတ် အသည်းနှလုံးကိုချည်း စွပ်စွဲကြတာပါပဲ။ ဆရာဝန်တစ်ယောက်က ကုမရဘူးလို့ ပြောတဲ့ရောဂါဟာ တခြားဆရာ တစ်ယောက်တွေ့ရင် ရချင်ရတာပါပဲ။ မြင့်မြင့်ဖြင့် နှလုံးရောဂါမဟုတ် ဘူး ထင်တာပဲ၊ ဒူလာရောဂါ ဖြစ်ပါလိမ့်မယ်"

(မောင်မောင်) "မပြောတတ်ပါဘူး မြင့်မြင့်ရယ်... ကျုပ်ဖြင့် ဆေးတွေ့တော့မယ် မထင်ပါဘူး။ ဘယ်နေ့ သေရမလဲဆိုတာကိုသာ စောင့်မျှော်နေရတော့မှာပါပဲ"

(မြင့်) "အို... သည်လောက်တောင် စိတ်မလျှော့ပါနဲ့ မောင်မောင်ရဲ့၊ သူတို့ မဒရပ်ကဆရာတွေက ကုလို့မရဘူးဆိုပေမဲ့ မြန်မာ ပြည်က ဂျပန်ဆရာတွေ၊ အင်္ဂလိပ်ဆရာ၊ မြန်မာဆရာတွေ ရှိပါသေး တယ်။ မြင့်မြင့်တို့လည်း ဆရာကောင်း သမားကောင်း၊ ဆေးကောင်း ဝါးကောင်းတွေ့ရဖို့ရန် ကြိုးစားပြီး စုံစမ်းမေးမြန်းပါ့မယ်"

(တုတ်) "စိတ်မလျှော့ပါနဲ့၊ စိတ်လျှော့ရင် ရောဂါဆိုးတတ်ပါတယ်။ ယောကျ်ားပဲ၊ ရောဂါဖြစ်တာကိုချည်း တွေးပြီးမနေနဲ့။ သွားလာလည် ပတ်ပြီး စိတ်ကိုပျော်နိုင်သမျှ ပျော်အောင် ကြိုးစားတာပေါ့။ ဟသ်ာတမှာ နေလို့ မပျော်ရင် ဒေါ်ဒေါ်တို့ဆီမှာလာပြီး ဆေးဝါးစားနေတာပေါ့"

(မောင်) "ကံရှိရင်လည်း ကျန်းမာဦးမှာပဲ ဒေါ်ဒေါ်ရဲ့၊ ကျွန်တော် နက်ဖြန်မနက်ကို ဟသ်ာတပြန်ဦးမယ်လို့ စိတ်ကူးတယ်။ ကျွန်တော့် ပစ္စည်းများကိုတော့ ကျွန်တော့်ကိုလာကြိုတဲ့ ညီအစ်ကိုတော်တစ်ယောက် က သူတည်းတဲ့အိမ်ကို ယူသွားတယ်"

mgyoe.com

mgyoe.com


(မြင့်) "ဩော်... ဘာပြုလို့သည်ကို ယူမလာခဲ့သလဲ။ ဘယ်မှာ တည်းသလဲ မောင်မောင်"

(မောင်) "အမယ်လေး... မပြောပါနဲ့ မြင့်ရဲ့။ သူကလည်း သူတည်းနေကျအိမ်ကလွဲရင် ဘယ်မှာမှ မတည်းချင်ဘူး။ သည့်ပြင်လည်း မောင် မဒရပ်အသွားမှာတုန်းကလို မြင့်တို့ကိုမတွေ့မှဖြင့် ဒုက္ခဖြစ်ချည် ရဲ့လို့ အောက်မေ့ပြီး ရှိမှရှိကြရဲ့လားဆိုတာကို မောင် လာပြီးကြည့် တာပါ။ ညကျမှ အဝတ်အစားကလေးများလဲဖို့ သူ့ဆီကိုပြန်ပြီး ယူရ တော့မှာပဲ"

(မြင့်) "နေပါဦးလား မောင်ရဲ့... ချက်ချင်း ဟသ်ာတကို သွားတော့မလို့လား"

(မောင်) "ဘယ်ဖြစ်မလဲ မြင့်ရယ်... မဒရပ်ကပြန်လာပြီး အိမ် ကို ချက်ချင်းမပြန်ဘဲ ရန်ကုန်မှာ ဆိုင်းနေတယ်ဆိုရင် အိမ်ကိုမလေး စားရာ ကျနေမှာပေါ့ကွယ်"

(တုတ်) "အဟုတ်သားပဲ အေ... အိမ်ကို ပြန်ဦးမှပေါ့။ နောက်မှ သက်သက် လာလည်သေးတာပေါ့"

(မြင့်) "မောင် တကယ်လာမလား၊ မလာဘဲ မနေနဲ့နော်၊ ဒါ ထက် မောင်ပီယာနိုများ တီးတတ်သေးရဲ့လား။ မောင်တီးတာကို မကြား ရတာ ကြာလှပြီ။ မြင့်မြင့် ပီယာနိုတီးတိုင်း သတိရတာပါပဲ"

ထိုအခါ မောင်မောင်သည် ပီယာနိုကို လှမ်းကြည့်ပြီး "နေပါဦး ကွယ်... ညကျမှ အေးအေးဆေးဆေး တီးတာပေါ့" ဟု ပြောပြီး ဆက် ကာ စကားပြောကြလေရာ မြင့်မြင့်သည် မောင်၏ ကြီးသောပြောင်းလဲ ခြင်းကိုသာ ဆင်ခြင်လျက် ၎င်း၏မျက်နှာကိုသာ ဝမ်းနည်းသော အမူ အရာနှင့် ကြည့်ကာနေလေ၏။ မောင်မောင်သည် ဘဝတစ်ပါးသို့ ပြောင်း သွားပြီးနောက် မိမိကိုလာ၍ ကိုယ်ယောင်ပြသကဲ့သို့ မှတ်ထင်ရလေ၏။

mgyoe.com

mgyoe.com


မောင်မောင်သည်ကား... မြင့်မြင့်ကို ကြည့်သည့်အခါ၊ ၎င်း၏ စိတ်သည် အလွန်တရာကျယ်သော မြစ်တစ်ဖက်ကမ်းမှ လှမ်းကာ ချစ်သူကို ရှုမျှော်ရသည့်ပမာ၊ ထိုချစ်သူထံသို့ ကူးမြောက်ကာ ရောက်အောင် မသွားနိုင်သကဲ့သို့ စိတ်ထဲတွင် ထင်မြင်လေ၏။ အကြောင်းမူကား မိမိ အသက်ရှင်ရမည့်နေ့များကို လက်ဆယ်ချောင်းနှင့် ရေတွက်လျှင် ရတော့မည်ကဲ့သို့ ဖြစ်လေရကား ဘယ်အခါမျှ ပြန်၍မတွေ့ရအောင် ခွဲခွာ၍သွားရမည့် ခရီးလမ်းဆုံး၌ မြင့်မြင့်ကို တွေ့ရသကဲ့သို့ အောက်မေ့ကာနေလေ၏။

မောင်မောင်၏ကိုယ်ခန္ဓာသည် ပိန်ကြုံသွေ့ခြောက် ကြွေပေါက် ပျက်စီးရတော့မည်ကဲ့သို့ဖြစ်၍ နေသော်လည်း အချစ်နှလုံးသားသည်ကား သန်မာလျက်၊ ဤကိုယ်ခန္ဓာပင် ဖောက်ပြန်ပျက်စီးသော်ငြား လည်း အချစ်သည် မဖောက်ပြန်ဘဲ ရွှမ်းရွှမ်းနုပျို စိုပြည်ပြည့်ဝသော မြင့်မြင့်၏ ရူပါရုံအလှ၏ အနီးအနားမှာသာ တရစ်ဝဲဝဲနေရမည်ကဲ့သို့ ဖြစ်လေ၏။

ထိုအခါ မိမိရဖို့ရန် အကြောင်းမညီညွတ်နိုင်သော မြင့်မြင့်ကို လာ၍ကြည့်မိသည်မှာ မှားလေခြင်း၊ မမြင်ရသောအစာကို တောင့်တခြင်းသည် မြင်ရသောအာဟာရကိုကြည့်ကာ သွားမရှိသောကြောင့် မစားရ မဝါးရဘဲ သရေကျ၍နေသည်ထက် အနည်းငယ် သက်သာဖို့ရှိပါလျက်၊ ထိုအာဟာရကိုလာ၍ ရှုမျှော်မိလေခြင်း စသည်ဖြင့် တွေးတောကာ ဝမ်းပန်းနည်း၍သာ နေရှာလေ၏။

ထိုကဲ့သို့ စိတ်အားငယ်သည့်အထဲတွင် တစ်ခါတစ်ခါ မျှော်လင့်ခြင်းတည်းဟူသော နေခြည်ပြောက်ကလေးကို မည်းလွင်သော ဂူထဲမှနေ၍ မြင်နေရသည့်ပမာ ကံကောင်းလျှင် ကျန်းမာလိမ့်မယ်။ ကျန်းမာလျှင် မြင့်မြင့်ကို ငါရဖို့ရှိသေးရဲ့ဟု တွေးမိလေ၏။ သို့သော်လည်း

mgyoe.com

mgyoe.com


"မြင့်မြင့်သည် ပြည့်ဝစိုပြည် ရွှမ်းရွှမ်းဝေလျက် သွေးတက်သည့်အရွယ်နှမို့ မိမိကျန်းမာသည့်တိုင်အောင် စောင့်နိုင်ပါ့မလား။ စောင့်နိုင်ပြန်လျှင်လည်း ငါက မာပါ့မလား၊ ငါမမာလျှင် ဤရတနာအနှစ် ဇမ္ဗူရာဇ်ရွှေတစ်ခဲကလေးဟာ တစ်ပါးသူပိုင်ဖြစ်တော့မယ်" ဟူသော တွေးတောပူပန်ခြင်းတို့သည် လွှမ်းမိုး၍လာလေ၏။ ထိုကဲ့သို့ လွှမ်းမိုး၍လာသောအခါ ငါနှင့်မထိုက်တန်ပါတကားဟု စိတ်ကိုလုံးလုံးကြီး လျှော့မိလေ၏။ ယင်းကဲ့သို့လျှော့လိုက်သောအခါ အဝေးမှနေ၍ကြည့်ရသော ရုပ်ပုံကားမှာ တိုးတက်လှပ အထူးပင် နှစ်သက်ဖွယ်ရာဖြစ်သကဲ့သို့ မြင့်မြင့်သည် မိမိနှင့်ဝေးကွာ၍ နေလေပြီဟု တွေးတောအောက်မေ့ခြင်းသည် မက်မောတောင့်တခြင်းကို တိုးတက်ကြီးမားစေသည် ဖြစ်သောကြောင့် နူရာမှာဝဲစွဲ၊ လဲရာမှာ သူခိုးထောင်းဆိုသော စကားကဲ့သို့ မကျန်းမမာဝေဒနာ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံ၍နေရာတွင် မြင့်မြင့်တည်းဟူသော ရူပါရုံ၏ထောင်းထုနှိပ်စက်ခြင်းကို ခံရသကဲ့သို့ ဖြစ်ရရှာပြန်လေသတည်း။

ထိုနေ့ညဉ့် မတုတ်သည် အသိမိတ်ဆွေတစ်ဦး၏အိမ်သို့သွား၍နေလေရာ မြင့်မြင့်သည် ပီယာနိုတီးရန် ထိုင်၍နေလေ၏။ မောင်မောင်သည်ကား ပီယာနိုနှင့် ခပ်လှမ်းလှမ်းကလေးဝေးသော ကုလားထိုင်တစ်ခုမှာ ထိုင်လျက် မြင့်မြင့်ကိုမကြည့်ဘဲ ပီယာနိုကိုသာ ကြည့်၍နေလေ၏။

မြင့်မြင့်သည်ကား ပီယာနိုပေါ်၌ လက်ကိုတင်ကာမတီးဘဲ ပျော့ပျောင်းလှပသော လက်ချောင်းကလေးများနှင့် တီးဟန်ပြု၍သာနေလေ၏။ ထိုကဲ့သို့နေသည်မှာ ဝမ်းနည်းဖွယ်သော ဆိတ်ငြိမ်ခြင်းကို နှစ်သက်လျက် ဆူဆူညံညံဖြစ်သွားမည်ကို စိုးရိမ်၍နေသည်နှင့် တူလေ၏။ အကြောင်းမူကား ဆိတ်ငြိမ်ခြင်းသည် ရေနှင့်တူ၍ ဝမ်းနည်းသောသူတို့သည် ငါးနှင့်တူကြလေသတည်း။

mgyoe.com

mgyoe.com


မြင့်မြင့်သည် တစ်ချက်တစ်ချက် မောင်မောင့်ကို ခေါင်းငဲ့ကာ ကြည့်လေ၏။ မောင်မောင်သည်ကား ဆက်ကာ တွေးတောငေးမောဟန်နှင့်သာ နေလေ၏။ အတန်ကြာသောအခါ မောင်မောင်သည် မြင့်မြင့်၏ မျက်နှာကို မော်၍ကြည့်လိုက်လေ၏။ ထိုအခါ မြင့်မြင့်သည် မောင်မောင်ကို ကြည့်၍နေသည်နှင့် မျက်နှာချင်းဆိုင်မိလေရာ မျက်နှာကို တခြားသို့လှည့်ကာ မရှောင်ဘဲ ကြည့်မြဲတိုင်း ကြည့်၍နေပြီးမှ မိမိ၏ အပါး၌ရှိသော ကုလားထိုင်ကိုကြည့်ကာ "မောင်မောင် သည်အနားကို လာလေ" ဟု ပြုံးချိုစွာပြောလေ၏။

ထိုအခါ အသက်ဓာတ်ငြိမ်းချုပ်၍ နေသကဲ့သို့ အေးလျက်ရှိသော ရင်အတွင်းမှာ နွေးရှိန်ကာ အသက်ဝင်သကဲ့သို့ အားတက်ခြင်းနှင့် လှုပ်ရှား၍လာပြီးနောက် ထိုင်ရာမှထတဲ့၍ မြင့်အနီး၌ရှိသော ကုလားထိုင်ပေါ်မှာ ထိုင်လေ၏။ မြင့်သည် မည်သည့်တေးကို တီးရမည်ဟု စဉ်းစား၍နေရာမှ လက်ချောင်းများကို အသာတရ အမှုမဲ့အမှတ်မဲ့ လှုပ်ရှားလိုက်လေရာ ဖော်ကွာဝေးတေးအစကို သွား၍နှိပ်မိလေလျှင် ဖြည်းညင်းသာယာစွာ ထိုတေးကို ဆက်ကာတီးလေ၏။ ထိုအခါ စိတ်နှလုံး၌ ရှိသော ဝမ်းနည်းခြင်းသည် အကြောအခြင်များကိုလျှောက်ကာ လက်ချောင်းများသို့ ရောက်လာသောကြောင့် တေးသံသည် လွန်စွာဝမ်းနည်းဖွယ်သော အသံဖြစ်၍နေလေ၏။

ထိုအခါ မောင်မောင်၏ရင်ထဲမှာ ဝမ်းနည်းခြင်း၏လှိုင်းအိ လှိုင်းလုံးကြီးများ နှီးကြွ၍လာသောကြောင့် အသာကလေး မော်ကာ မြင့်မြင့်၏မျက်နှာကို ကြည့်လေရာ မေ့လျော့ကာတီးလျက် မိမိတီးသော တေးသီချင်းမှတစ်ပါး မည်သည့်အရာကိုမျှ သတိရဟန်မရှိသော မြင့်မြင့်၏ နှုတ်ခမ်း၊ မျက်လုံးများတွင် ပူဆွေးသော အဖြစ်အပျက်ကို ထင်ရှားစွာ ရေးသား၍ ပြသည့်ပမာ ထင်ရမြင်ရလေ၏။ ယင်းသို့ကြည့်၍နေသည့်

mgyoe.com

mgyoe.com


အခါ မြင့်မြင့်ထံမှ ခွဲခွာ၍သွားရသောညဉ့်၌ တီးခဲ့သောတေးသီချင်းဖြစ်၍ အဆိုပါကြည်နူးဖွယ်သော ညဉ့်၏ဇာတ်လမ်းသည် မောင်မောင်၏ ရှေ့၌ ကွင်းကွင်းကွက်ကွက် ပေါ်ပေါ်ပေါက်၍လာလေ၏။ ထိုကွဲကွာသော ညဉ့်အခါနှင့် ယခုမျက်မှောက်အခါသည် လွန်စွာခြားနားသည်ကို တွေးမိလေ၏။ ဤသီချင်းသည် အစကနဦးကပင် ကွဲကွာခြင်း၏နိမိတ်ကိုပေးသော တေးသီချင်းဖြစ်လေသလား။ မြင့်မြင့်သည် ထိုသီချင်းကိုပင် ယခုထပ်မံ၍တီးသည်မှာ ထိုနိမိတ်သည် ထပ်လောင်းပေါ်ပေါက်၍လာခြင်းဖြစ်လေသလား စသည်ဖြင့် ဆင်ခြင်မိလေရာ၊ မြင့်မြင့်နှင့် ယခုယှဉ်၍ နေထိုင်ရသည်မှာ နေဝင်လျှင် ငိုက်ဆင်းကြွေကျ ကွဲကွာပျက်စီးကြရမည်ဖြစ်သော ပန်းနှစ်ပွင့်နှင့် တူလှပေသည်ဟု မှတ်ထင်မိလေ၏။

ဤလောကသည် ပြောင်းလဲခြင်း၏ တည်ရာ၊ ကွေကွင်းပျက်စီးခြင်း၏ဌာနကြီးပေတကား။ ငယ်စဉ်က နှစ်ယောက် အတူတကွ လည်ပတ်သွားလာကြရစဉ်တုန်းက ယခုကဲ့သို့သော ပြောင်းလဲခြင်းများဖြစ်မည်ကို ကြိုတင်တွေးတောခြင်း မရှိခဲ့ချေ။ ဟိုအခါက မိမိတို့နှစ်ယောက်မှာ လေပြင်းမုန်တိုင်းမကျမီ မြူးပျော်ပျံဝဲကာနေကြသော ပန်းလိပ်ပြာကလေးများနှင့်တူကြလေရာ ယခုသည်ကား မိုးသက်လေပြင်းတို့ ကျရောက်၍ လာကြပြီဖြစ်သောကြောင့် လွင့်ပါးပျက်စီးကွဲပြားခြင်းသို့ ရောက်ရချေတော့မည် စသည့်အခြင်းအရာတို့ကိုလည်း ထင်မြင်အောက်မေ့ကာ နေလေသတည်း။

နွေဥတု၌ သွေ့ခြောက်သာယာ စင်ကြယ်သန့်ရှင်းလှစွာသော တောတောင်တို့သည် ရှုမြင်သူတို့၏စိတ်ကို ညွတ်နူးစေလျက် ရွှင်မြူးခြင်းကိုဖြစ်စေ၏။ မိုးအခါသို့ ကျရောက်လတ်သောအခါ ထိုနေရာကို တစ်ဖန်ပြန်၍ကြည့်ချေက စွတ်စိုထိုင်းမှိုင်း အုံ့ဆိုင်းညိုမှောင်ကာ ပိတ်ပေါင်းချုံရှုပ်ထွေးပိတ်ဆီးကာလျက် ရွှံ့ညွန်မြက်ပင်တို့သည် နွေဥတု၏သာယာ

mgyoe.com

mgyoe.com


ခြင်းကို ဖုံးလွှမ်းပိတ်ပင်ကာ ညှိုးငယ်သော ပြောင်းလဲခြင်းကို ဖြစ်စေ၏။ ထို ပြောင်းလဲသောအခြေအနေကို မြင်ရသော စိတ် နှလုံးသည် လွန်ခဲ့သော သာယာခြင်းကိုသာ ပြန်၍တောင့်တလေ၏။ ထို့အတူ မြင့်မြင့်နှင့်မောင်မောင်မှာ လွန်ပြီးသောသာယာခြင်းကို တွေး တောကာ ယူကျုံးမရသော အခြေအနေသို့ ရောက်၍နေကြလေသတည်း။

မောင်မောင်၏စိတ်၌ ဤဖော်ကွာဝေးသီချင်းသည် မိမိကို သေ သည်တိုင်အောင် ညှဉ်းဆဲမည်ဖြစ်သော တေးသီချင်းကဲ့သို့ အောက်မေ့ မိလေ၏။ ရောဂါဝေဒနာ၏ စားမျိုခြင်းကို ခံရ၍ ဆုံးပါးပျက်ပြားမည် ဖြစ်သောနေ့ဘက်သို့ တစ်နေ့ထက်တစ်နေ့ နီးစွာရွေ့လျား မျောပါး၍ နေသော လမ်းခရီး၌ ထိုတေးကိုကြားရသည့်အခါတိုင်း မျောပါးခြင်း အရှိန် တိုးတက်လျက် ပြန်၍လာချေတော့မည်ဟု အောက်မေ့မှတ်ထင် မိရှာလေ၏။

"ဤတေးသည် မသေမချင်း မိမိကို သတ်မည်ဖြစ်သော တေး ပေတကား။ ရှေးပညာရှိ စာရေးဆရာသည် မိမိကိုရန်ငြိုးထားသဖြင့်သာ ထိုတေးကို ရေးစပ်ခဲ့လေသလားဟူ၍ ကြံဆကာနေလေ၏။ ၎င်းတေး သည် မောင်မောင်၏အသည်းကို ထက်လှစွာသောဓားနှင့် ခွဲသကဲ့သို့ ခွဲစိတ်လိုးဖြတ်၍နေလေ၏။

မြင့်မြင့်သည်လည်း ထိုတေးကိုတီးသည့်အခါ မိမိ၏လည်ကို မိမိ၏လက်နှင့် ဖျစ်ညှစ်ကာ သတ်ရသကဲ့သို့လည်းကောင်း၊ မိမိ၏နှလုံး ကို တုတ်လှိုကာ မီးကင်ရသကဲ့သို့လည်းကောင်း ဖြစ်လေ၏။ သို့သော် လည်း ၎င်းတေးကို ရပ်၍မရ၊ မိမိ၏လက်များသည် ထိုတေးတစ်ခု တည်းကိုသာ တီးတတ်သကဲ့သို့ ဖြစ်လေ၏။ ပီယာနိုကိုတီးလျက်နေ စဉ် မိမိတီးသော ပီယာနိုသံသည် မိမိကို ပင့်ချီယူဆောင်၍ သွားပြီးလျှင် နက်လှစွာသော ချောက်ကမ်းပါးကြီးသို့ မိမိကို လွှတ်ကာချတော့မည်ကဲ့

mgyoe.com

mgyoe.com


သို့ မှတ်ထင်လေ၏။ သို့သော်လည်း ၎င်းတေးကို မတီးဘဲမနေနိုင်အောင် ရှိလေ၏။ သို့ဖြစ်သောကြောင့် ခပ်နှေးနှေး အဆုံးသို့ရောက်အောင် တီးရလေသတည်း။

တေးဆုံး၍သွားသောအခါ လက်များသည် နုံးခွေ၍ မလှုပ်ချင်သကဲ့သို့ တေးဆုံးသောနေရာတွင်ရပ်ကာ ပျော့အိပျော့နဲ့နှင့်သာ ငြိမ်သက်စွာနေကြလျက် မျက်လုံးများမှိတ်ကာ ခေါင်းငိုက်စိုက်ကျ၍နေလေ၏။

(မောင်) "မြင့် သည်သီချင်းကို ဘာပြုလို့တီးရသလဲ၊ ဟိုအရင်မောင် ... ရန်ကုန်က ဟသ်ာတကိုပြန်မယ့် ညတုန်းကလည်း သည်တေးကိုပဲ တီးကြတယ်မဟုတ်လား"

(မြင့်) "မသိဘူး၊ ပိယာနိုပေါ်ကို လက်တင်လိုက်ရင် သည်သီချင်းပေါ်လာတာပဲ၊ ဘာဖြစ်လို့မေးသလဲ မောင်"

(မောင်) "ဘာမှမဖြစ်ပါဘူး၊ သည်တေးကိုဖြင့် မောင် ... တစ်သက်လုံး နားထဲမှာကြားပြီး နေရတော့မယ်ထင်ပါရဲ့ မြင့်ရယ်"

ထိုအခါ မြင့်မြင့်သည် ၎င်းစကား၏အဓိပ္ပာယ်ကို ကောင်းစွာ နားလည်သဖြင့် ကြင်နာသောမျက်နှာထားနှင့် မောင်မောင်ကိုကြည့်ကာ စကားမပြောဘဲ နေလေ၏။ မောင်မောင်သည်ကား ပိယာနိုကိုသာ စိုက်၍ကြည့်နေလေ၏။ ထို့နောက် နှစ်ယောက်စလုံး တစ်ပြိုင်တည်း ပင့်သက်ရှူမိကြလေသတည်း။

(မောင်) "တခြား တေးကလေးများကို တီးစမ်းပါဦး မြင့်ရယ်...၊ မောင် သည်တေးကိုကြားရရင် ဘယ်လိုဖြစ်မှန်း မသိပါဘူး။ ဝမ်းနည်းသလိုလို ဖြစ်နေတာပါပဲ"

(မြင့်) "မြင့်လည်း သည်လိုဖြစ်တာပါပဲ၊ သည်သီချင်းဟာ အင်မတန်ထူးဆန်းတဲ့ သီချင်းပါပဲ၊ ဘယ်တေးကိုများ တီးရပါ့မလဲ"

mgyoe.com

mgyoe.com


ဟု ပြောကာ ပီယာနိုကို ပြန်၍တို့ကာ တီးပြန်လေရာ ဇေယျာအောင်ချာခေါ် တေးသီချင်းတီးလုံးများ ထွက်ပေါ်၍လာလေရာ ထိုတေး၏လျှင်မြန်ဖျတ်လတ်သော တီးလုံးသည် နှစ်ယောက်စလုံးတို့၏စိတ်၌ရှိသော ဝမ်းနည်းခြင်း၏ တိမ်လိပ်တိမ်ခဲများကို အနည်းငယ်မျှ ဖယ်ရှားသုတ်သင်လိုက်သကဲ့သို့ ဖြစ်သွားလေ၏။ ၎င်းတေးသည် နောက်ဆုံး၌ အောင်မြင်ခြင်းဖြစ်မည့် နိမိတ်ကို အရိပ်အမြွက်ပြသော တေးဖြစ်လေသလားမသိရချေ။

၎င်းတေးအဆုံး၌ မြင့်မြင့်သည် ထပြီးလျှင် "မောင် တီးစမ်းပါဦး၊ မောင့်လက်သံကို ကြားပါရစေ၊ မကြားရတာ ကြာပါပြီ" ဟု ပြောလေရာ မောင်မောင်သည် လေးလံသောကိုယ်ကို သယ်ယူကာ ပီယာနိုကိုကိုင်၍ထလေ၏။

မြင့်သည် မောင်မောင်ထိုင်သော ကုလားထိုင်တွင် ထိုင်လေ၏။ မောင်မောင်သည် ပီယာနိုတွင်ထိုင်ကာ တေးများကို တစ်ပုဒ်ပြီး တစ်ပုဒ်စ၍တီးလေရာ ပိန်ကြုံလျက် တုန်သောလက်ချောင်းကလေးများကို မြင့်မြင့်သည် စိုက်ကာကြည့်၍နေလေ၏။ ထို့နောက် ပီယာနိုအတီး ရပ်ကြပြီးလျှင် နှစ်ယောက်သား ပီယာနိုအနီး၌ထိုင်ကာ စကားပြောနေကြလေ၏ ။

(မောင်) "မြင့် မောင့်ကို တကယ်ပဲ သတိရရဲ့လား"

(မြင့်) "ဘယ်တော့မှ မမေ့ပါဘူး၊ မောင်နဲ့ကွဲကွာသွားကတည်းက ဘယ်တော့ ပြန်တွေ့ရမလဲဆိုတာကို တွေးနေပါတယ်။ မြင့်ပေးလိုက်တဲ့ ဖဲကြိုးလက်ဆောင်ကလေးဟာ မောင့်ဆီမှာရှိသေးသလား"

(မောင်) "ရှိပါတယ်၊ မောင်သေရင် သည်ဖဲကြိုးကလေးကိုလက်ကြိုး ခြေကြိုးလုပ်ပြီးထည့်ဖို့ရာ မြင့်ကိုတောင် သတိပေးမှာထားမလို့ပါပဲ"

mgyoe.com

mgyoe.com


(မြင့်) "အို… သည်လိုမပြောပါနဲ့၊ မောင်သေဖို့ အကြောင်းကိုချည်း တွေးနေတယ်ထင်ပါရဲ့။ မသေနိုင်ပါဘူး။ မြင့်ရှေ့မှာ သည်စကားကို ဘယ်တော့မှမပြောပါနဲ့ မောင်ရဲ့၊ သည်လောက်တောင် စိတ်ကို လျှော့ရသလား"

(မောင်) "စိတ်ကိုလျှော့တာမဟုတ်ပါဘူး မြင့်ရဲ့၊ သို့သော်လည်း သည်လိုရောဂါမျိုး စွဲတဲ့လူဟာ ရှင်ရိုးထုံးစံ မရှိပါဘူး။ နေ့သေမလား၊ ညသေမလား၊ ထိုင်ရက်သေမလား၊ မတ်တတ်သေမလား ဆိုတာကို သတိထားနေရတာပါပဲ။ အခု မြင့်နဲ့ စကားပြောနေတုန်းမှာတောင်ပဲ ခေါင်းထဲမှာ တစ်ချက်တစ်ချက် မိုက်ခနဲ မိုက်ခနဲဖြစ်သွားပါတယ်။ မောင့်မျက်စိရှေ့မှာ မောင့်အလောင်းကိုချည်း မြင်နေရတာပါပဲ"

(မြင့်) "အို … သည်လိုမပြောပါနဲ့၊ မောင် ငယ်ငယ်ကလေး ရှိပါသေးတယ်။ အားတက်တဲ့အရွယ်ပါ။ အားဆုတ်တဲ့အရွယ် မဟုတ်ပါဘူး။ စိတ်ထဲက သည်လောက်တောင်စွဲနေရင် မောင်ရောဂါတိုးမှာပေါ့။ သည်စိတ်ပျောက်အောင် ဖျောက်ပါ။ ငါ တစ်နေ့မာမှာပဲ၊ ဒင့်လောက်ရောဂါနဲ့ သေနိုင်ရိုးလားဆိုတာကို စိတ်မှာတင်းပြီးထားပါ။ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့ရပါလိမ့်မယ်"

(မောင်) "တင်းတာပါပဲ မြင့်ရယ်… သို့သော်လည်း တင်းတဲ့အထဲမှာ ဝေဒနာကတိုးပြီးနေတော့ အားကိုးမရှိတော့ဘူးလို့ စိတ်ကို လျှော့ရတော့တာပဲ။ မောင့်အတွက် စိတ်မပူပါနဲ့မြင့်ရဲ့…၊ မောင်သေမှာကိုတော့ မကြောက်ပါဘူး"

(မြင့်) "သေမှာကိုမကြောက်ရင် ဘာကိုကြောက်သလဲ"

(မောင်) "မောင်သေရင် မြင့်နဲ့ ဘယ်တော့မှတွေ့ရတော့မှာ မဟုတ်ဘူးဆိုတာကို တွေးတွေးပြီး ဝမ်းနည်းတာပါပဲ"

မြင့်မြင့်သည် စကားပြန်၍မပြော။ မောင်မောင်၏မျက်နှာကိုသာ

mgyoe.com

mgyoe.com


ကြည့်၍နေလေရာ မောင်မောင်က "မြင့် မောင်သေရင် သတိရပါဦး မလား" ဟု ထပ်မံ၍မေးလေ၏။

(မြင့်) "သေသည့်တိုင်အောင် မောင့်ကိုမမေ့ပါဘူး"

(မောင်) "မြင့်အပျိုဖြစ်ပြီ၊ အရွယ်လည်းရောက်ပြီ။ မြင့်ကိုစပ်တဲ့ လူ မပေါ်သေးဘူးလား" ဟု မြင့်မြင့်၏ကိုယ်တစ်ကိုယ်လုံးကို သိမ်းရုံး ကာ ကြည့်ရင်း ပြောလေ၏။

မြင့်မြင့်သည် ရှက်ကိုးရှက်ကန်း အမူအရာနှင့် ခေါင်းငုံ့ကာ "မြင့် ဘာသိမလဲ မောင်ရဲ့... လူကြီးချင်းစပ်ချင်ရင် စပ်ကြရမှာပေါ့"

(မောင်) "မြင့်ကိုယ်တိုင် ဘယ်သူ့ကိုမှယူဖို့ စိတ်မကူးသေးဘူး လား"

(မြင့်) "စိတ်မကူးသေးပါဘူး"

(မောင်) "မောင်လာတုန်းက မြင့်နဲ့စကားပြောနေတာ ဘယ်သူ လဲ"

(မြင့်) "ကျောင်းသားအသိတစ်ယောက်ပါ။ သူက မြင့်ကို လိုချင်တယ် ထင်ပါရဲ့။ မြင့်ကတော့ မလိုချင်သေးပါဘူး"

(မောင်) "လူကောင်းသူကောင်းနဲ့တွေ့ရင် ယူတာပေါ့မြင့်ရယ်။ မကောင်းတဲ့လူနဲ့ တွေ့မှာကိုသာ မောင်စိုးပါတယ်" ဟု ပြောလေ၏။

ထိုစကားကို ပြောသော်လည်း ရင်ထဲမှာမချိသဖြင့် အကယ်၍ မြင့်သည် ယောကျ်ားတစ်ယောက်ယောက်နှင့်ယူလျှင် မိမိမှာ ဝေဒနာတိုး ပြီး မြန်မြန်သေမည်ဟု သိရလေ၏။

မြင့်သည် မောင်မောင်၏မျက်နှာကို အပြစ်တင်သောအမူအရာနှင့် မော်ကြည့်ကာ "မောင် ဘာပြုလို့ သည်စကားကို ပြောရသလဲ။ မောင် မြင့်ကို တကယ်ယောကျ်ားယူစေချင်သလား။ မောင်ကယူရမယ်ဆိုရင် မြင့်ယူပါ့မယ်" ဟု ပြောလေ၏။

mgyoe.com

mgyoe.com


(မောင်) "ယူစေချင်လို့တော့ မဟုတ်ပါဘူး မြင့်ရဲ့၊ သို့သော်လည်း မြင့်ယောကျ်ားယူတယ်လို့ ကြားရရင် မောင် ချက်ချင်းသေမှာပါပဲ။ သည်တော့ သေမယ့်အတူတူမှာ ကြာကြာ ဝေဒနာခံစားပြီးနေရမယ့် အစား မြန်မြန်သေချင်လို့ ပြောတာပါ"

မြင့်သည် စကားပြန်၍မပြောဘဲ ကြီးသောမျက်လုံးကြီးများမှ မျက်ရည်ပေါက်ကြီးများ ကျ၍လာလေ၏။ ထိုအခါ မောင်မောင်သည် မြင့်၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်နှာချင်းထိလုမတတ် မျက်တောင်မခတ်ဘဲ ကြည့်၍နေလေ၏။ ထိုကဲ့သို့နေခိုက်တွင် မောင်မောင်၏ပိန်ကြုံသော ရုပ်ရေမျက်နှာသည် ပျောက်ကွယ်၍သွားပြီးလျှင် ငယ်ငယ်က သိရသော မောင်မောင်၏လှပသောရုပ်အသွင်သည် မြင့်မြင့်၏မျက်စိရှေ့မှာ ထင်ပေါ်၍လာလေ၏။ ထိုအကြောင်းကို ထောက်လိုက်သော် မောင်မောင်ကိုချစ်သော မြင့်မြင့်၏အချစ်သည် အပေါ်ယံမျှသော အချစ်မဟုတ်။ နစ်နစ်နာနာ အတွင်းစိတ်ကို ထိခိုက်ဖောက်ထွက်သော အချစ်ဖြစ်ကြောင်းကို သိရှိလေသတည်း။

မောင်မောင်သည် ထိုမျှလောက် စ၍ပြောလိုက်ရသည်မှာ လွန်၍သွားလေပြီဟု မှတ်ထင်လေ၏။ အကြောင်းကိုဆိုသော် တစ်ယောက်နှင့်တစ်ယောက် အကြောင်းဆက်ဆံ အချစ်နှင့် ဂဟေနှံဖို့ရန် နည်းလမ်းမရှိဘဲလျက် တမင်သက်သက် ထိုအကြောင်းကို စ၍ပြောခြင်းသည် နှစ်ဦးနှစ်ယောက်စလုံးမှာသာလျှင် ဝန်လေးဒုက္ခ သောကပိုမိုများပြားဖို့ ရှိသည်ဟု သတိရလေ၏။ မြင့်မြင့်သည်လည်း ထိုအကြောင်းကို ဆက်လက်၍ပြောချင်သော်လည်း မပြောဘဲနေခြင်းသည် သာ၍ကောင်း၏ဟု သဘောပိုက်ကာ ဆိတ်ငြိမ်စွာနေလေ၏။ စင်စစ်အားဖြင့် ၎င်းတို့၏ ထက်သန်သောအချစ်သည်၊ ဝွမ်းပုံကိုစွဲလောင်သည့်မီးပမာ ငြိမ်းသတ်၍မရဘဲ တဖြည်းဖြည်း ငြိစွဲလောင်မြိုက်၍သာ နေလေ၏။

mgyoe.com

mgyoe.com


မြင့်မြင့်သည် မောင်မောင်နှင့် လက်ချင်းယှက်ကာနေရာ၌ ပိန်ကြုံသော လက်ကိုပင် ကိုင်ရသော်လည်း အချစ်သွေးဟောင်းက ရှေးဟောင်းကို ဖော်၍ပြသောကြောင့် နူးညံ့သိမ်မွေ့အဆီအသားပြည့်ဝသော လက်များကို ကိုင်ရသည်နှင့်မခြား တစ်ကိုယ်လုံးရှိသမျှသော အကြောစိုင်အကြောဆက် အရိုးဆက်၊ အဆစ်အမြစ်များသို့တိုင်အောင် အချစ်ဓာတ်လျှောက်၍သွားသောကြောင့် တစ်ကိုယ်လုံး ကိုင်လှုပ်၍ခါလိုက်သည့်ပမာကိုယ်တွင်းကိုယ်ပ သွက်သွက်ခါ၍သွားလေ၏။ အချစ်တည်းဟူသောလေပြည်သည် တစ်ကိုယ်လုံးထွင်းဖောက်ကာ အေးမြသော အရသာကိုဖျန်းပက်သကဲ့သို့ဖြစ်လေရာ အပျိုဖြစ်စ ကညာအရိုင်းကလေးမှာ ဘယ်လိုများဖြစ်လာပါလိမ့်မလဲဟု မိမိကိုယ်တိုင် တွေးကြံ၍ မရနိုင်အောင် ရှိရှာလေသတည်း။

မကြာမီအတွင်း လုံးလုံးကြီးဆိတ်ငြိမ်ကြလျက် စကားတစ်လုံးမျှမပြောနိုင်ကြဘဲ နှစ်ကိုယ်နွဲ့ကပ်ကာ မျက်နှာချင်းဆက်မိကြလေသတည်း။ ထို့နောက် "မိမိတို့၏ဘဝသည် ထိုမျှထက် ပိုမိုတွေ့ကြုံကြရ မည့်ဘဝမဟုတ်။ ဤကဲ့သို့တွေ့ကြုံခြင်းသည် အနီးဆုံးအကပ်ဆုံးသော တွေ့ကြုံရခြင်း ဖြစ်သည်။ ၎င်းတို့၏ရေစက်သည် ဤနေရာ၌ နယ်ခြားမှတ်တိုင်နှင့် တွေ့၍နေချေပြီ" ဟု သတိရကြလေရာ အကျိုးမရှိသော အချစ်စကားတို့ကို ပြောသော်လည်း ကျေးဇူးရောက်ရှိတော့မည် မဟုတ်ဟု သိကြလျက် တစ်ယောက်၏လည်ကို တစ်ယောက်ဖက်ကာ မျက်ရည်ကိုသိမ်းဆည်းချုပ်တည်း၍ မရကြဘဲ ငိုရှိုက်ကာသာ နေရရှာလေသတည်း။

မောင်မောင်သည် အတန်ကြာသောအခါ မြင့်မြင့်ကို လွှတ်လိုက်၏။ အကြောင်းကိုဆိုသော် "ငါသည် ရှေးကနှင့်မတူ၊ ငါ၏အခြေအနေကို ငါသတိမထား၊ အနူကိုယ်ရမ်းမသိ ပြုရာသို့ကျတော့မည်။ ငါသည် ရှေးကနှင့်မတူ၊ အရုပ်အဆင်းမရှိ၊ အရိုးနှင့်အရေသာရှိ၏။ ငါ ပွေ့ပိုက်

mgyoe.com

mgyoe.com


တာကို သူခံချင်တဲ့စိတ် ရှိမည်မဟုတ်။ ငါ့ကို အနည်းငယ် ကြင်နာသနား အားနာ၍သာ လိုက်စားဟန်တူပေသည်" စသည်ဖြင့် တွေးတောကာ နောက်သို့ဆုတ်၍နေလေ၏။

ထိုညဥ့်၌ မြင့်မြင့်သည် တစ်ညဥ့်လုံး အိပ်၍မပျော်၊ မောင်မောင်မှာလည်း နိုးလျက်သာ နေလေ၏။ နံနက်မိုးလင်းလျှင် ခွဲကြရဦးမည့် အကြောင်းကိုလည်းကောင်း၊ တစ်ယောက်နှင့်တစ်ယောက်ကို ချစ်ပါလျက် ရေးဘဝရေစက်မဆုံသဖြင့် နှစ်ယောက်တို့၏စပ်ကြား၌ ပင်လယ်ကြီး ဆီးတား၍နေသကဲ့သို့ ဖြစ်သည့်အကြောင်းများကို လည်းကောင်း၊ တွေးတောကာ မိမိတို့နှစ်ယောက်စလုံး လူ့ဘဝကိုရောက်၍ တွေ့ဆုံရသည်မှာ ပူပန်သောကဖြစ်ကြရဖို့မျှသာ ဖြစ်ကြောင်းများကို တွေးတောကာ မကောင်းသောကံကြမ္မာကိုသာ ဆင်ခြင်၍နေကြရလေ၏။

ယင်းကဲ့သို့နေကြလေရာ မိုးလင်းစပြု၍ ကျီးများနိုးသောအခါ အပြင်၌သွားလာလှုပ်ရှားသော မောင်မောင်၏အသံကို မြင့်မြင့်သည် ကြားရလေ၏။ အတန်ကလေးကြာသောအခါ "ဒေါ်ဒေါ် ဒေါ်ဒေါ်၊ မြင့်ရေ... မြင့်ရေ" ဟု အပြင်ဘက်ကနေ၍ ခေါ်သောအသံကို ကြားကြရလေရာ အိပ်ရာမှ သားအမိနှစ်ယောက်ထကြ၍ အခန်းပြင်သို့ ထွက်ကြလေရာ မောင်မောင်က "ဒေါ်ဒေါ် ကျွန်တော်သွားတော့မယ်" ဟု ပြောကာ နှုတ်ဆက်လေ၏။

မြင့်မြင့်သည်ကား မိခင်၏နောက်၌ ရပ်ကာ မောင်မောင်ကို ကြည့်လျက် "မောင့်ရောဂါ ဘယ့်နှယ်နေသလဲဆိုတာ မြင့်တို့သိရအောင် မကြာမကြာ စာပေးပါနော်" ဟု ပြောလေ၏။

မတုတ်က "အေးအေး မောင် သွားပေတော့၊ သွားပေတော့။ အစားအသောက်ကို ကြိုးစားပြီးရှောင်နော်၊ စိတ်လက်မပျော်ရင် ဒေါ်ဒေါ်တို့ဆီကို လာခဲ့၊ ရန်ကုန်မှာ ဆရာကောင်းသမားကောင်းတွေ များပါတယ်။

mgyoe.com

mgyoe.com


ဘုရားကို ကျပ်ကျပ်ဖက်ကွယ့်မောင်၊ ဒေါ်ဒေါ်တို့လည်း ဆုတောင်းပါ့မယ်။ ကိုင်း... သွားပေတော့... သွားပေတော့" ဟု ပြောလေ၏။

မောင်မောင်က "ကံကိုပဲ အားကိုးရတော့မှာပါပဲ ဒေါ်ဒေါ်၊ ကိုင်း မြင့်ရေ မောင်သွားဦးမယ်ကွယ်" ပြောပြီး လှည့်၍သွားလေရာ သားအမိနှစ်ယောက်လှေကားအထိ လိုက်၍သွားကြလေ၏။

လှေကားသို့ရောက်သောအခါ မြင့်က "မာပါလိမ့်မယ် မောင်...၊ ယောကျ်ားပဲ၊ ဘာစိတ်ငယ်ရမလဲ၊ မြင့်တို့လည်း ဟသ်ာတကို ရောက်ပါလိမ့်ဦးမယ်။ စာသာ ဆက်ဆက်ပေးနော်။ မြင့် မောင့်ဆီကစာကို မျှော်နေမယ်။ မသေနိုင်ပါဘူး မောင်ရယ်။ သည်လောက်တောင် စိတ်မလျှော့ပါနဲ့" ဟု ပြောပြီး မိခင်ဘက်သို့လှည့်ကာ "မေမေရဲ့ မောင်က အင်မတန် အားငယ်တာကလား" ဟု အသံကလေးတုန်တုန်နှင့် မျက်ရည်များဝဲလျက် ပြောလေ၏။

မောင်မောင်သည် ခေတ္တကလေးမျှ သားအမိနှစ်ယောက်ကို ရပ်ကာကြည့်ပြီး မြင့်၏မျက်နှာနှင့် တစ်အောင့်ကလေး ဆိုင်မိလေ၏။ ထို့နောက် သွေးမရှိသောမျက်နှာမှာ သွေးရောင်ကလေးလွှမ်း၍လာပြီးလျှင် ခေါင်းငုံ့လျက် "သွားပြီ ဒေါ်ဒေါ်" ဟု ပြော၍ တစ်ယောက်တည်း ထွက်သွားလေ၏။

သားအမိနှစ်ယောက်တို့သည် ၎င်းကိုအိမ်ပေါ်မှ ရပ်ကာ မျှော်ကြည့်လိုက်ကြလေ၏။ မောင်မောင်သည် လမ်းမမှ ပြန်၍ကြည့်လိုက်သောအခါ ရပ်လျက် မျှော်ကာ ကြည့်နေရစ်ရှာသော မြင့်မြင့်ကိုမြင်လျက် လက်ပြ၍သွားလေ၏။ မြင့်မှာလည်း သက်မကြီးချကာ မောင် မောင့်ကို အိပ်မက်ထဲမှာ တွေ့လိုက်ရသကဲ့သို့ ဖြစ်ပြီးလျှင် တစ်ခုသော ကုလားထိုင်၌ မျက်လုံးများကိုမှိတ်လျက် မျက်ရည်တို့ကို မချုပ်နိုင်ဘဲ နေရှာလေ၏။

မောင်မောင်သည်လည်း မြင့်ကို သည်တစ်ခါ နောက်ဆုံးတွေ့ရ

mgyoe.com

mgyoe.com


သည်ဟု မှတ်ထင်ကာ မျှော်လင့်ခြင်းရှိသမျှ ဆုတ်ယုတ်ကုန်ခန်းပြီးလျှင် ခြေကိုမှ လှမ်းရမှန်းမသိသကဲ့သို့ မြင့်မြင့်တို့အိမ်မှ ဝေး၍သွားလေ၏။ နောက်တစ်ကြိမ် အဝေးမှ ပြန်၍ကြည့်လိုက်သောအခါ အိမ်သည် ကွယ်ပျောက်၍ ကျန်ရစ်လေ၏။

❐

mgyoe.com

mgyoe.com

# အခန်း (၇)

"ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း" ဟူသော အရိုးခံစကားဟောင်းအရ မြင့်မြင့်သည် ငယ်ချစ်ကို ပြန်၍တွေ့ရသောအခါ အချစ်ကြိုးသဲလွန်စကို ပြန်၍တွေ့ရှိ ကိုင်မိသည့်ပမာ မိမိ၏စိတ်သည် အတိတ်ကို ပြန်၍ရောက်လေ၏။ အတိတ်အခါတို့သည် နေ့၏နံနက်ရောင်နီနှင့် တူသောကြောင့် ရွှေအဆင်းဖြင့် ခြယ်လှယ်မှုန်သ၍ထားသော အခါသမယတို့၏ အကြောင်းကို ကိုယ်တိုင် ပြန်လှန်တွေးတောရာ၌လည်းကောင်း၊ လူကြီးမိဘတို့ပြောပြသည်ကို ကြားရသည့်အခါ၌လည်းကောင်း၊ ရာဇဝင်စာဟောင်းများ၌ ဖတ်ရှုတွေ့ရှိရသည့်အခါ၌လည်းကောင်း၊ ထိုခေတ်အခါသမယတို့ကို မိမိတို့၏ထံသို့ ပြန်၍ရောက်လာအောင် ခေါ်ငင်ချင်သကဲ့သို့လည်းကောင်း၊ အချိန်၏ညှိုဆိုင်းမှိုင်းပျသော အတိတ်အခါဘက်သို့ လည်ကိုဆန့်ကာ ရော်ရမ်းတမ်းတခြင်းကို ပြုမိကြမြဲလေ၏။

ထိုကဲ့သို့ ဖြစ်သည့်အခါ အတိတ်ခေတ်အခါ ကာလတည်းဟူသော ရွှေအရောင်အဆင်း ဝါဝင်းလှပ ကြည်နူးဖွယ်ရှိလှသော သဏ္ဌာန်အထဲတွင် အချစ်တည်းဟူသော သိမ်မွေ့ထူးခြားသော အဆင်းအရောင်ကို

mgyoe.com

mgyoe.com


တွေ့မြင်ရသောအခါ လွမ်းဆွတ်တောင့်တ ထိုကဲ့သို့သော ခေတ်အခါမျိုးကို ပြန်၍မှ တွေ့ရပါဦးမည်လားဟု တွေးတောကာ စိတ်နှလုံးကြေကွဲလျက် စိတ်လက်မချမ်းမသာ ဖြစ်ရလေ၏။ မြင့်မြင့်မှာ မောင်မောင်နှင့်တွေ့စသိစ ပျော်ရွှင်စဖြစ်သော အတိတ်ကာလကို ပြန်၍တွေးလိုက်သောအခါ စိတ်ထဲတွင် ထို့အတူ ကြေကွဲ၍နေခဲ့လေရာ မောင်မောင်ကို ပြန်၍တွေ့ရသောအခါ ရုပ်ရည်ပင် တစ်မျိုးပြောင်း၍ စိတ်မကောင်းဖြစ်သော်ငြားလည်း ကြေကွဲသောနှလုံးသည် ရွှင်ပြုံးခြင်းသို့ ရောက်၍နေလေ၏။

သို့သော်လည်း အခိုးများသော မီးလျှံမီးတောက် အလင်းရောင်သည် မချိမဆန့်ထွက်ပေါ်ရသည့်ပမာ ထိုရွှင်ပြုံးခြင်း၌ ဝမ်းနည်းခြင်းတည်းဟူသော အခိုးအငွေ့တို့ ဖုံးအုပ်လျက်ရှိသောကြောင့် အနှစ်သာရများစွာမရှိသကဲ့သို့ ဖြစ်လေ၏။ အကြောင်းမူကား မောင်မောင်သည် တာရှည်စွာမှ အသက်ရှည်ပါ့မလားဟု တွေးတောပူပန်၍သာ နေရလေသတည်း။

ထိုအတွင်းတွင် မောင်ဘခိုသည် အထက်ကနည်းတူ အိမ်သို့လာရောက်ကာ မြင့်မြင့်ကိုနှုးလေ့ရှိ၏။ မိခင် မတုတ်သည် မောင်ဘခို၏ဆွေမျိုးညာတိ ဥစ္စာဂုဏ်ရှိသည့်အဖြစ်ကို အထူးပင်ကြည်ညိုလျက် ကန့်ကွက်ပိတ်ပင်ခြင်းမပြုဘဲ "ဖြစ်ချင်သလို ဖြစ်စေတော့၊ နောက်ဆုံးကျ၍သင်းတို့နှစ်ယောက် အကြောင်းပါကြလျှင် ကိစ္စပြီးတာပဲ"ဟု သဘောပိုက်ကာ အခွင့်လွှတ်၍ထားလေရာ၊ မြင့်မြင့်မှာမူ၊ ၎င်းမောင်ဘခိုကိုတကယ်ပင် စိတ်ကမကြိုက်သော်လည်း မုန်းရင်းစွဲစိတ် မရှိသောကြောင့်တစ်ကြောင်း၊ မိခင်အလိုတူသည်ကို သိသောကြောင့်တစ်ကြောင်း၊ မတော်တဆ မောင်မောင်မှာ ရောဂါဆိုး၍ အသက်ဆိုးမရှည်မှဖြင့် မောင်ဘခိုကိုပဲ အားကိုးအားထားပြုရလေမလား စသည်ဖြင့် တွေးတောကာ မောင်ဘခိုကို ရန်မူခြင်းမပြုဘဲ ပျူပျူငှာငှာ လက်ခံစကားပြောဆိုရလေ

mgyoe.com

mgyoe.com


၏။ သို့စကားပြောရာ၌ ညွတ်ပျောင်းယိမ်းယိုင်သော စိတ်သည်ကား မောင်မောင်၏ထံသို့သာ ရောက်၍နေလေ၏။

မောင်မောင်သည်ကား မိမိမှာ မကျန်းမာသူဖြစ်သောကြောင့်၊ သား မယားယူနိုင်ဖို့ရန် နည်းလမ်းမရှိသည်ကို သိသောကြောင့်၊ မြင့်မြင့်နှင့် တကွ၊ မိမိမှာ အကျိုးမဲ့အလဟဿ စိတ်ဆင်းရဲခြင်းဖြစ်မည်ကို စိုးရိမ် သောကြောင့်တစ်ကြောင်း၊ ထိုကဲ့သို့ စိတ်လက်ဆင်းရဲသည့်အခါ မိမိမှာ ဝေဒနာတိုးဖို့သာရှိသည်ဟု တွေးတောမိသဖြင့်တစ်ကြောင်း၊ ရန်ကုန် မြို့သို့မလာ၊ မြင့်မြင့်ထံသို့လည်း လာ၍ မျက်နှာမပြ၊ ငါ့အတွက်ဖြင့် ဒင့်မှာ သောကမဖြစ်စေနဲ့တော့၊ ကျန်းမာတဲ့သူ၏ကိုယ်ဟာ ကျန်းမာ သူ၏လက်ကိုသာ ရောက်ပါစေဟု သဘောပိုက်ကာ မိမိ၏စိတ်ကို နှင်းနှိမ်လျက် စာကိုမျှ များစွာမပေးဘဲ ဝေးမှန်းမသိဝေးအောင်၊ ကွာမှန်း မသိ ကွာလေအောင် ကြံဆောင်ကာ တနင်္ဂနွေတစ်ပတ်ကို စာတစ်စောင် ရေးရာမှ တစ်လလျှင် တစ်စောင်၊ နှစ်လကြာမှတစ်စောင်၊ ခြောက်လ ကြာမှ တစ်စောင်လောက်ကို ရေးလေ၏။ သို့ရေးသော စာများ၌လည်း အထူးအကြောင်းမပါ။ မိမိမှာ ဝေဒနာမသက်သာကြောင်းနှင့် အခြား အနည်းငယ်မျှ ဥတုသပ္ပာယ မိုးလေဝသအကြောင်း သတင်းအဆန်း အပြားကလေးများသာ ပါရှိလေ၏။

တစ်ရံတစ်ခါ မြင့်မြင့်တို့အိမ်သို့ လာရောက်ကာ ၎င်းအိမ်၌နေ၍ ဆေးစားကာ သောက်ကာ နေဖို့ရန် စိတ်အကြံပေါ်လာသော်လည်း "ငါ့ မှာ လူဖြစ်ရှုံးသူဖြစ်သည်။ မြင့်မြင့် ငါ့ကိုယူနိုင်မှာလည်း မဟုတ်ဘူး။ သူက ယူနိုင်စေကာမူ ငါက မယူနိုင်သည့်အတွက် သူနဲ့ထိုက်တန်သူ တစ်ယောက်ယောက်ရှိချေက ငါသည် အနှောင့်အယှက်သာ ဖြစ်ချေတော့ မည်" ဟု တရားယူကာ ဆင်ခြင်လျက် ရန်ကုန်ဘက်သို့ မျှော်လှမ်းကာ တမ်းတရုံသာ တမ်းတ၍နေရရှာလေ၏။

mgyoe.com

mgyoe.com


မြင့်မြင့်သည် မောင်မောင်ထံသို့ မကြာမကြာ စာများကိုပေးလေရာ ရှေးဦးပထမ၌ ပြန်စာများကို လျင်မြန်စွာရရှိလေ၏။ နောက် တဖြည်းဖြည်း ပြန်စာများ ဝေး၍သွားပြီး နောက်ဆုံး၌ ပြန်စာများ ရမှရပါတော့မလားဟု တွေးတောလောက်အောင် ကြန့်ကြာ၍နေလေ၏။

ထိုအခါ "မောင်မောင် အဘယ်သို့ဖြစ်ပါလိမ့်မလဲ၊ ငါ ကိုဘခိုနှင့် အရောတဝင် နေထိုင်သည်ကို သိသည့်အတွက် ယခုလို စာမရေးဘဲ နေလေသလား၊ သို့မဟုတ် ဝေဒနာလွန်စွာကြီး၍ စာမရေးနိုင်အောင် ရှိလေသလား" စသည်ဖြင့် တွေးတောပူပင်ကာနေလေ၏။

ယင်းကဲ့သို့ ကြာမြင့်စွာ စာမပေးဘဲနေသောအခါ မြင့်မြင့်၏ စိတ်၌ရှိသော အချစ်မီးခဲမှာ ဖြူစင်သောပြာမှေးကလေး လွှမ်းအုပ်ပြီးလျှင် အေးချမ်းသကဲ့သို့ ဖြစ်သွားပြီးနောက် နီးစပ်ရာဘက်သို့ စိတ်သည် ရောက်မှန်းမသိရောက်ပြီးလျှင် မောင်ဘခိုအပေါ်၌ ယခင်ရှေးအထက်ကထက် ပိုမို၍ အလေးဂရုပြုသော်ငြားလည်း မောင်ဘခိုကို ချစ်ပါတယ်၊ ယူပါတော့မယ်ဟူသော အာမခံချက်ကို ဘယ်အခါမျှမပေး။ လက်ကလေးများကို ကိုင်တွယ်ရန် အခွင့်ပေးမိသည်မှတစ်ပါး တစ်စုံတစ်ရာမျှ ပိုမို၍ တစ်စုံတရာကို အခွင့်မပေးမိသေးသဖြင့် အရောဝင်ခြင်း၏အတွင်းစည်း ပိုင်းကလေးကို မောင်ဘခိုသည် ကျော်နင်းဝင်ရောက်ခွင့် မရဘဲနေလေ၏။

တစ်နေ့သ၌ မြင့်မြင့်နှင့်မောင်ဘခိုသည် နေ့လယ်အချိန် စကားပြော၍နေကြလေ၏။

(ခို) "မြင့်ရဲ့... မင့်အပေါ်မှာ ကျုပ်မေတ္တာ ဘယ်လောက်စူးတယ်ဆိုတာ သိလောက်ပါပြီ။ ရန်ကုန်မြို့ကြီးမှာ အချောအလှတွေ အင်မတန်ပေါပါလျက် မင့်ဆီကိုသာ အားလပ်တိုင်းလာပြီး နေရတာဟာ အဘယ်လောက် အစွဲသန်နေတယ်ဆိုတာ သိလောက်တာပါပဲ"

mgyoe.com

mgyoe.com


(မြင့်) "မြင့်က ကိုဘခိုကို ဘာများပြောဖူးလို့လဲ၊ ကိုဘခိုကို မလာနဲ့လို့ မြင့်ကဆီးပြီး နှင်မိသလား"

(ခို) "ဘာမှမပြောဘဲနေတာဟာ ဆီးပြီးနှင်တာထက် ဆိုးပါသေးတယ် မြင့်ရဲ့။ မင့်ပါးစပ်ကလေးကိုဟပြီး ချစ်ပါတယ်ဆိုတဲ့ စကားတစ်လုံးကိုပြောရမှာ အင်မတန် ကြောက်သလား"

(မြင့်) "မြင့် မကြောက်ပါဘူး၊ အခုလိုနေရတာ မပျော်ဘူးလားကိုဘခိုရဲ့၊ ကျွန်မနဲ့ရှင်နဲ့ နှစ်ယောက်တည်း စကားပြောနေရပါတယ်။ ဘာများထပ်ပြီး အပိုအလျှံ လိုချင်သေးလို့လဲ"

(ခို) "လိုချင်တာတွေကိုတော့ မြင့်သိပါတယ်။ မသိချင်ဟန် တမင်ဆောင်ပြီး ကျုပ်ကို ကြောင်တောင်တောင် လှည့်စားနေတာပါပဲ။ ကျုပ်သိပါပြီ မြင့်ရဲ့...၊ မင့်မှာ မောင်မောင်ဆိုတဲ့ ရည်းစားဟောင်းရှိတယ်မဟုတ်လား"

(မြင့်) "ကိုမောင်မောင်ဟာ ကျွန်မငယ်ငယ်ကလေးက ချစ်တဲ့လူပါ"

(ခို) "သူ အခု မမာဘူးမဟုတ်လား။ သေတတ်တဲ့ရောဂါလို့ ပြောကြတယ်"

(မြင့်) "ကိုဘခိုက ကိုမောင်မောင်ကို သေစေချင်တာပေါ့လေ။ ကိုမောင်မောင် သေမှာမဟုတ်ပါဘူး"

(ခို) "မသေစေချင်ပါဘူး၊ သို့သော်လည်း သူတကယ်လူမာဖြစ်ဖို့ရန် အင်မတန် ခက်ခဲတာပဲ၊ မြင့် သူမာသည့်တိုင်အောင် စောင့်နေမလို့လား"

(မြင့်) "မသိဘူး ကိုဘခိုရဲ့၊ မြင့် ဘယ်သူ့ကိုမှ မစောင့်ပါဘူး။ သူ့ကိုယူမယ်လို့မှလည်း စိတ်ထဲမှာ မကူးပါဘူး"

(ခို) "သည်လိုဖြင့် အခက်သားပဲ မြင့်ရဲ့၊ ကျုပ်ကို မလာစေချင်ရင်

mgyoe.com

mgyoe.com


မလာစေချင်တဲ့အကြောင်းကို ပြောပါ၊ ချစ်ရင်လည်း ချစ်တဲ့အကြောင်းကို သိပါရစေ။ အခုလို ရိသဲ့သဲ့နေရရင် အင်မတန် စိတ်ပင်ပန်းစရာဖြစ်ပါတယ်"

မြင့်သည် ထိုစကားများကို သတိထား၍ နားမထောင်သောအမူအရာနှင့် ဒန်းလွှဲကာ တောင်ကြည့်မြောက်ကြည့်နှင့် ဖော်ကွာဝေးတေးသီချင်းကလေးကို ညည်းညူကာနေပြီးမှ တစ်စုံတစ်ခုသောအရာကို သတိရသောလက္ခဏာနှင့် ဒန်းလွှဲကိုရပ်ပြီးလျှင် မောင်ဘခိုမျက်နှာကို ကြည့်ကာ "မြင့်တို့ သည်နှစ် ရွှေစက်တော်ကိုသွားမယ် ကိုဘခို လိုက်မလား" ဟု မေးလေ၏။

(ခို) "မြင့်သွားရင် မြင်းမိုရ်တောင်အထိလိုက်ပါ့မယ်..."

(မြင့်) "မြင်းမိုရ်တောင်ကိုတော့ ရောက်မယ်မထင်ပါဘူး။ ရွှေစက်တော်ကိုတော့ ရောက်ပါလိမ့်မယ်။ မေမေနဲ့နှစ်ယောက်တည်း သွားရမှာပျင်းလို့ပါ" ဟု မြင့်သည် ထိုစကားကိုပြောပြီးနောက် ရုတ်တရက်နောင်တရလေ၏။ "ငါ ဘယ့်အတွက် သူ့ကိုရွှေစက်တော်ကို လိုက်ဖို့ပြောမိပါလိမ့်မလဲ" ဟု စဉ်းစားကာ မျက်နှာညိုလျက် ငေးမော၍နေလေ၏။ ထိုကဲ့သို့နေခိုက်တွင် မောင်မောင်ကို သတိရလေ၏။ ရွှေစက်တော်ကို မောင်မောင်နှင့်အတူ သွားရလျှင် အဘယ်မျှလောက် ပျော်ရွှင်ဖွယ်ကောင်းမည်ကို တွေးတောကာ နေမိလေ၏။

ထိုအခိုက်တွင် အိမ်ရှေ့မှ ပလွေသံကိုကြားရလေရာ မြင့်မြင့်မှာရင်ထဲ၌ဖိုပြီးလျှင် ဒန်းကိုလွှဲဖို့မှ သတိမရဘဲ မျက်လုံးများမှိတ်ကာ ဒန်းပေါ်မှ လိမ့်၍မကျရအောင် ကြိုးကိုသာ အနိုင်နိုင်ကိုင်ထားရလေ၏။ ထိုပလွေသံသည်ကား ဝမ်းနည်းဖွယ်သော ဖော်ကွာဝေးတေးသံဖြစ်လေရာ ဆောင်းဥတုနေ့လယ်အချိန်၌ မြောက်ဘက်မှ ဝှေ့တိုက်လာသော လေပြည်တွင် လိုက်ပါ၍လာသော ကရမက်ပန်းနံ့ကလေးသည် နှာခေါင်းကို

mgyoe.com

mgyoe.com



မြူလာခိုက်ဖြစ်သောကြောင့် ဖော်ကွာဝေးပလွေသံနှင့် ပေါင်းစပ်လိုက်သောအခါ ရင်ထဲတွင် တသိမ့်သိမ့်ဆွေးမြေ့၍ သွားလေသတည်း။

မြင့်မြင့်သည် ပလွေသံကိုစိုက်ကာ နားထောင်၍နေလေရာ ရင်အတွင်း၌ အသည်းနှလုံးစပ်ကြားတွင် ဖွဲ့တိုက်လှုပ်ရှားသော လွမ်းရမ္မက်လေပွေ မရပ်စဲသေးမီ ပလွေသံရပ်စဲ၍သွားလေ၏။ ထိုအခါ မြင့်မြင့်သည် အိပ်မက်မှနိုး၍လာသည့်ပမာ သတိရ၍လာပြီးလျှင် ဒန်းပေါ်မှ ဆင်း၍ အပြင်ကိုထွက်ကာ ကြည့်လေရာ မျက်မမြင် သူတောင်းစား ဒုက္ခိတ လူပျိုကလေးတစ်ယောက်၊ အဖော်သူတောင်းစား လူအိုကြီးတစ်ယောက်ကို တွေ့မြင်ရလေ၏။

မျက်မမြင်သူတောင်းစားလူပျိုသည် ပလွေကိုကိုင်လျက် မော့ကာရပ်၍ "ဒုက္ခိတ မျက်မမြင်ပါခင်ဗျား... တစ်ပြားတစ်ချပ် သနားကြပါခင်ဗျား" ဟု ပြောကာ တောင်းလေ၏။

မြင့်မြင့်သည် အင်္ကျီအတွင်းအိတ်ထဲမှ မုန့်စေ့တစ်စေ့ကို နှိုက်ကာ သူတောင်းစား၏အပါးသို့ ကပ်ပြီးလျှင် လက်ထဲသို့ မုန့်ဖစ့်ကိုထည့်ပေးလိုက်လေ၏။

❐

mgyoe.com

mgyoe.com

# အခန်း (၈)

ပူအိုက်သော တပေါင်းလရာသီ မွန်းလွဲအချိန် မင်းဘူးမြို့ ရှင်ပင်စက္ကတဲတောင်ခြေရင်းရှိ တစ်ခုသော မန်ကျည်းပင်တစ်ပင်၏ သေးငယ်ပါးလျပ်သော အရိပ်အောက်တွင် ယောကျ်ားပျိုတစ်ယောက်သည် တစ်ကိုယ်တည်းထိုင်ကာ မိမိ၏ရှေ့၌ရှိသော ဆိတ်ငြိမ်သော ဗိုလ်အိမ်အဆောက်အအုံများကို ရှုမျှော်ကာနေလေ၏။

နေမင်းသည် ရဲရဲပြောင်သော သံစွယ်သံညှောင့်၊ လှံတံ သံလျက်တို့နှင့်တူသော ရောင်စွယ်တို့ကို ရှာသွန်း၍ချသည့်ပမာ ပထဝီမြေကြီးကို အစိတ်စိတ်အမွှာမွှာကွဲကြေအောင် ပြုတော့မည့်အလား တေဇောဓာတ်၏ ထက်လှစွာသော မာန်စွယ်များကို လွှတ်လေ၏။ မိုးတိမ်မြူမှေးကင်းစင်သော အာကာသကောင်းကင်ကြီးသည်ကား ပူပြင်းသော သံစလောင်းကြီးပမာ မြေမျက်နှာပြင်ကို လွှမ်းအုပ်၍နေလေရာ ရှိရှိသမျှသော သက်ရှိသက်မဲ့ မြေပြင်သစ်ပင်တောတောင်တို့မှာ အပူရှိန်၏ချက်ပြုတ်လောင်မြိုက်ခြင်းကြောင့် တွန့်လိမ်သွေ့ခြောက်ကာနေကြလေ၏။ တစ်ချက်တစ်ချက် ဝှေ့တိုက်၍လာသော လေသည်ကား အပူကိုမငြိမ်းစေဘဲ အပူဓာတ်ကို တိုးတက်တောက်လောင်စိမ့်သောငှာ အားပေးသကဲ့သို့ မှတ်ထင်ရလေ၏။

mgyoe.com

mgyoe.com


ယောကျ်ားပျိုကလေးသည် မီးလောင်ပြီးစ ပြာအရောင်နှင့်တူသော ပန်းတော်ဖြူမြက်ခြောက်များကို ကြည့်ကာ အသက်ဓာတ်ကောင်းမြတ်သော လောကဓာတ်၏ငြိမ်သက်ခြင်းကို ဆင်ခြင်၍သာ နေရှာလေသတည်း။ ၎င်း၏သဏ္ဍာန်မှာ နေထဲတွင်ဖုတ်ကင်၍ထားသကဲ့သို့ သွေ့ခြောက်ချုံးပိန် မှေးမှိန်သော သဏ္ဍာန်ရှိလေ၏။ ယင်းကဲ့သို့ ကြည့်၍နေခိုက်တွင် တစ်ခုသော ထနောင်းပင်ပျိုမှ အဖော်မရှိ တစ်ကိုယ်ရေတစ်ကာယ ဝမ်းနည်းစွာသောအသံနှင့် ကူရှာသော ချိုးငှက်တစ်ကောင်၏ အသံကို ကြားရလေသောအခါ၊ ၎င်းယောကျ်ားပျို၏မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ ကျ၍လာသဖြင့် လက်ကိုင်ပဝါနှင့် မျက်နှာကို သုတ်ရှာလေ၏။

ထိုယောကျ်ားပျိုသည် ၎င်းနေရာ၌ အတန်ကလေးကြာစွာ ထိုင်၍နေပြီးနောက် နေအတော်စောင်း၍သွားသောအခါ ထိုင်ရာမှအားယူကာ ထပြီးလျှင် ထီးကိုဖွင့်ဆောင်းလျက် နွေးသောခြေလှမ်းဖြင့် မြို့တွင်းဘက်သို့ လျှောက်သွားလေ၏။ ထိုကဲ့သို့ လျှောက်သွားခိုက်တွင် မိမိရှေ့အတန်ကလေး ဝေးသောနေရာမှ ပလွေသံတစ်ခုကိုကြားရလေရာ ထိုပလွေသံသည် တစ်မျိုးမျိုးသော တန်ခိုးသတ္တိအစွမ်းဖြင့် ၎င်းယောကျ်ားပျို၏စိတ်ကို လွှမ်းအုပ်လိုက်သည့်ပမာ ယောကျ်ားပျိုသည် ထီးကိုထမ်းလျက် ရပ်တန့်ငေးစိုက်၍နေလေ၏။

ထိုပလွေသံသည် ပျင်းရိငြိုငြင်ဖွယ်ရာ သွေ့ခြောက်ပူအိုက်ငြိမ်သက်လှစွာသောအချိန်၌ ဝမ်းနည်းခြင်းကိုတိုး၍ဖြစ်စေသော အသံဖြစ်လေ၏။ ထိုအသံသည် လေးလံညှိုးငယ်သောစိတ်ကို တိုး၍ လေးလံအောင် ဖိစီးနှိပ်စက်သောအသံ ဖြစ်လေ၏။ မိမိကြားခဲ့သမျှသော ဖော်ကွာဝေးတီးလုံးဟူသမျှတွင် ထိုပလွေသံဖြစ်သော ဖော်ကွာဝေးတီးလုံးသည် အကြီး ဆုံးသော ဝမ်းနည်းခြင်းကိုဖြစ်စေသော တီးလုံးဖြစ်လေ၏။

mgyoe.com

mgyoe.com


အတန်ကလေးကြာစွာ ငေးစိုက်ရပ်တန့်၍နေပြီးသောအခါ ရှေ့သို့ ဆက်၍လျှောက်လာရာ တစ်ခုသောအိမ်ရှေ့၌ရပ်ကာ ဆန်တောင်း၍ နေသော သူတောင်းစား လူပျိုတစ်ယောက်နှင့် လူကြီးတစ်ယောက်ကို တွေ့မြင်ရလေလျှင် မိမိအကျီအိတ်ထဲမှ ပိုက်ဆံတစ်ပဲကိုနှိုက်ကာ ပေး လေ၏။ ရှေ့သို့ဆက်လက်၍ လျှောက်သွားလေရာ နီကြန့်ကြန့်အဆင်း ရှိသော စက္ကူကလေးတစ်ချပ်သည် မြေပေါ်တွင် ခုန်ဆွခုန်ဆွနှင့်လွင့် ကာ မိမိ၏ရှေ့သို့ လေထဲတွင်ပါ၍သွားသည်ကို တွေ့ရလေ၏။ ထို စက္ကူကလေးသည် တဖြည်းဖြည်း မိမိနံဘေးမှ မိမိ၏ရှေ့သို့ရောက်ပြီး လျှင် မိမိ၏ရှေ့၌ အသက်ရှိသကဲ့သို့ လွင့်ကာခုန်ကာ ပါသွားသည်ကို မြင်ရလေ၏။ ယောကျ်ားပျိုသည် ထိုစက္ကူကိုကြည့်ရင်း ဖော်ကွာဝေး တေးသီချင်းကို တွေးကာ စိတ်ထဲ၌ မသက်မသာများစွာဖြစ်လျက် အစဉ် တစိုက်လျှောက်သွားလေရာ ၎င်းစက္ကူသည် မိမိ၏ခြေဦး၌ ရပ်တန့်၍ နေသည်ကို တွေ့ရလေ၏။

ထိုအခါ စက္ကူကိုသေချာစွာငုံ့ကြည့်ပြီး အဘယ်သို့သော စက္ကူပါ လိမ့်မလဲဟု ကောက်ယူကာကြည့်လေရာ သံကြိုးစာဖြစ်၍နေသည်ကို တွေ့ရှိရလေလျှင် ထိုသံကြိုးစာသည် တစ်ယောက်ယောက်ထံမှ ကျ ကျန်ရစ်သော သံကြိုးစာပဲဟုတွေးမိလျက် အဘယ်လိုအကြောင်းစာ များဖြစ်ပါလိမ့်မလဲဟု ဖတ်ရှု၍ကြည့်လေရာ ဈေးအနီး မကြင်ခေါ်သော မိန်းကလေးထံသို့ ရန်ကုန်မြို့မှ ရိုက်ကြားလိုက်သော ကြေးနန်းဖြစ်သည် ကို သိရလေ၏။ ထိုကြေးနန်းကို ဖတ်၍ကြည့်လိုက်သောအခါ ၎င်း ယောကျ်ားပျိုသည် လွန်စွာ အံ့အားသင့်၍သွားလေ၏။ ပိန်ကျုံခြောက် သွေ့သောမျက်နှာမှာ စိုပြည်လျက် ဝင်းထိန်၍လာလေ၏။ အကြောင်းမူ ကား ထိုကြေးနန်း၌ မတုတ်နှင့် မြင့်မြင့် ယခုလဆန်းကိုးရက်နေ့ သင်္ဘော အပတ်မှာ ပါလာလိမ့်မည်ဟု ပါရှိလေ၏။

mgyoe.com

mgyoe.com



ထိုအခါ ရက်ကိုတွက်၍ကြည့်လေလျှင် ရောက်မည်ဟု ပါရှိသော ရက်သည် လွန်၍နေပြီကို သိရှိရသောကြောင့် "သူတို့ ဤမြို့မှာ ရှိမှရှိ ပါဦးမလား။ ရွှေစက်တော်ဘုရားဖူးလာကြတာထင်ပါရဲ့။ မကြင်ဆိုတဲ့ မိန်းမကို ငါရှာလို့မှတွေ့ပါ့မလား" စသည်ဖြင့် တွေးတောကာ ခပ်မြန်မြန် သွားလေ၏။ မောင်မောင်သည်ကား သွေ့ခြောက်သော ဒေသကိုသွား၍ ခေတ္တမျှနေထိုင်ရမည်ဟု ဆေးဆရာဝန်က အမိန့်ပေးသောကြောင့် မင်းဘူးမြို့ရှိ အသိမိတ်ဆွေ အမိန့်တော်ရမင်း ကိုဘိုးမြစ်၏အိမ်၌ ခေတ္တ နေသူဖြစ်လေ၏။

အိမ်သို့ရောက်သောအခါ "ဈေးအနီးရှိ မကြင်ခေါ်သူကို သိသ လား" ဟု မေးမြန်းကြည့်လေရာ မကြင်မှာ ရန်ကုန်၊ မန္တလေး၊ ပြည်၊ မင်းဘူး စသည့်အရပ်တို့ကို စုန်ချည် ဆန်ချည်တက်ဆင်းသွားလာ၍ ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားသူ ဖြစ်လေရကား ထင်ရှား သော အပျိုကြီးတစ်ယောက်ဖြစ်လေရာ မသိသူနည်းပါးလေ၏။ ၎င်း၏ အရွယ်မှာ သုံးဆယ်ကျော်ကျော်ခန့်ရှိ၍ ယောကျ်ားမသာ ရဲရင့်စွာ ခရီး သွားလာလျက် ယောကျ်ားကဲ့သို့ကြံစည်လုပ်ကိုင် အသက်မွေးနေသူ တစ်ယောက်ဖြစ်လေ၏။

မောင်မောင်သည် မကြင်အကြောင်းကို သေချာစွာ မေးမြန်းသိရှိ ရပြီးနောက် သွားရောက်ရှာဖွေမည် ကြံစည်လေရာ တစ်ဖန်စဉ်းစားပြီး လျှင် "သူတို့ကို တွေ့သော်လည်း၊ အကျိုးကျေးဇူးရှိမည်မထင်၊ ယခုလို အေးအေးဆေးဆေးနေရတာပဲ ကောင်းတယ်ထင်ပါရဲ့။ တွေ့ရမှဖြင့် အချင်းချင်း ရေစက်မဆုံသူနှစ်ယောက်မှာ စိတ်ဒုက္ခသာများဖို့ ဖြစ်မှာ ပါပဲ" စသည်ဖြင့် တွေးတောအောက်မေ့ကာ "သူတို့ဘာသာသူတို့ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ငါနဲ့ဘာဆိုင်သလဲ။ ငါမတွေ့လိုပါ ဘူး" ဟု စိတ်ထဲ အကြံပြုလေ၏။

mgyoe.com

mgyoe.com


ထိုကဲ့သို့ အကြံပြုသော်လည်း ထူးခြားသော ကြုံကြိုက်ခြင်းဖြစ်သောကြောင့် မတွေ့ဘဲမနေနိုင်သကဲ့သို့ ဖြစ်သည့်ပြင် "သူ့မှာ ချစ်သူရည်းစားတစ်ယောက်ယောက် လိုက်ပါ၍လာလေသလား။ သူတို့သားအမိနှစ်ယောက်တည်းပဲ အလည်အပတ်လာလေသလား" စသည်ဖြင့် တွေးလိုက်သောအခါ မတွေ့ဘဲမနေနိုင်အောင် လောဘဇောတိုက်၍ လာလေ၏။ ထိုအခါ သွား၍ စုံစမ်းရှာဖွေလေရာ မကြင်၏အိမ်သို့ နေဝင်ရီတရောအချိန်တွင် ရောက်သွား၏။

ထိုအိမ်မှာ ဟောင်းနွမ်းချည့်နဲ့ ယိမ်းယိုင်ညိုညစ် မသစ်သော အိမ်ကြီးဖြစ်သော်လည်း စုတ်နုပ်သောသဏ္ဍာန်မရှိ။ ယောကျ်ားမရှိသော အိမ်ဖြစ်ကြောင်းကို သိသာလေ၏။ အထက်ကျော်ကာလက အတော်ကောင်းစားခဲ့ပြီးနောက် ရှေးအရိုန်အဝါ၏အကြွင်းအကျန်ဖြစ်သော ဂုဏ်အသရေအဟောင်းအနွမ်းတို့၏ အမှတ်လက္ခဏာများကို တွေ့ရှိရလေ၏။ အိမ်ရှေ့မှာ ပန်းခြံရှိ၍ အိမ်အတွင်းဇာများတပ်သော လသာမှန်အိမ်သည် အိမ်အိုအိမ်ဟောင်း၏ သိန်သရေတစ်မျိုး ဖြစ်လေ၏။ လသာမှန်အိမ်၏ တောက်ပသော မီးရောင်အတွင်း၌ ခင်းကျင်း၍ထားသော ချောပြောင်သော သင်ဖြူးများနှင့် ဖလားစုံကွမ်းအစ်များကို မြင်ရသောအခါ၊ ထိုအိမ်ရှင်များသည် အောက်တန်းကျသောသူများ မဟုတ်ကြောင်းကို သိရသည့်ပြင် အိမ်၌ စည့်သည်ရှိသည့်အမှတ်ကို ကောင်းစွာတွေ့ရှိရလေ၏။ ထောက်၍ထားသော ကဲလားသုံးခုမှာ အိမ်ရှေ့၌ အမိုးအဖီကဲ့သို့ဖြစ်၍ နေလေ၏။ မောင်မောင်သည် လမ်းပေါ်မှရပ်ကာ တစ်ခုသော သစ်ပင်အကွယ်မှနေ၍ ကြည့်လိုက်လေရာ အိမ်အတွင်းကို ကောင်းစွာမြင်ရလေ၏။ အိမ်ပေါ်၌ သွားလာလှုပ်ရှား၍နေကြသော မိန်းမများ၏ အမူအရာကို ထောက်လိုက်သောအခါ ညစာထမင်းစားရန် ပြင်ဆင်၍နေကြောင်းကို သိရလေ၏။ အိမ်ခေါင်းရင်း၌ ထိုင်နေသော ယောကျ်ားတစ်ယောက်

mgyoe.com

mgyoe.com


၏ မျက်နှာကိုမူ ထင်ထင်ရှားရှား မမြင်ရသဖြင့် မည်သူမည်ဝါဖြစ်သည် ဟု ပုံဖမ်း၍မရချေ။ မြင့်မြင့်နှင့် မတုတ်တို့၏ အရိပ်အရောင်ကိုမူ မမြင် ရသောကြောင့် အိမ်မှာမှ ရှိပါ့မလားဟု မောင်မောင်၏ စိတ်၌တွေးတော မိလေ၏။

မောင်မောင်သည် အိမ်ရှေ့၌ အတန်ကြာစွာ ရပ်ကာကြည့်၍နေလေ ရာ မိန်းမပျိုတစ်ယောက်သည် အိမ်ပေါ်မှဆင်း၍လာပြီးလျှင် ခေါင်းရင်း ၌ ထိုင်၍နေသော ယောကျ်ားပျို၏ အနီးရှိ ကွမ်းအစ်ကိုလာ၍ ကိုင်ဖွင့်ရင်း ပုဆစ်တုပ်ကာ ကွမ်းယာ၍စားလေ၏။ ထိုကဲ့သို့ ကွမ်းယာခိုက်တွင် ကြည်ဖြူစွာ နှစ်ယောက်သား စကားပြောကြသည်ကို တွေ့ရှိရလေ၏။ ၎င်းမိန်းမပျိုသည်ကား မြင့်မြင့်ဖြစ်သည်ကို ချက်ချင်းပင်သိရှိရ လေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၉)

မောင်မောင်သည် ၎င်းတို့နှစ်ယောက်ကို မြင်ရသောအခါ "ယောကျ်ား ပျိုသည် ဤအရပ်သားမဟုတ်၊ ရန်ကုန်သားနှင့်ပင်တူ၏။ ရန်ကုန်က အတူတကွ မြင့်မြင့်နှင့်လာတာ ထင်ပါရဲ့၊ ကေန် မြင့်မြင့်၏ရည်းစားပါပဲ" ဟု စိတ်ထဲ၌ နတ်များပြောသည့်ပမာ အလိုလိုသိရလေ၏။ ထိုကဲ့သို့ သိရသောအခါ မြင့်မြင့်ကိုချစ်သော စိတ်အဟုန်တို့သည် လျှပ်စစ် ဓာတ်အားကို တစ်ဟုန်တည်းလွှတ်လိုက်သည့်ပမာ နိုးကြွလှုပ်ရှားလာ သောကြောင့် မကျန်းမာသော ကိုယ်ခန္ဓာသည် ထိုမျှလောက် ပြင်းထန် သော စိတ်အားအရှိန်ကို မခံမရပ်နိုင်ဘဲ မတ်တတ်ကလဲ၍ ကျတော့မည် ကဲ့သို့ ဖြစ်သွားလေ၏။

တစ်ခါတည်း ထိုအိမ်သို့ပြေး၍ဝင်ကာ မြင့်မြင့်ကို ပွေ့ပိုက်ချင်သော စိတ်သည် ပေါ်ပေါက်၍လာလေရာ ကြီးလှစွာသော သတိတရားနှင့် ထိုစိတ်ကို ချုပ်တည်းပြီးလျှင်၊ သစ်ပင်ကို ဘေးတိုက်မှီကာ ဆက်လက် ၍ကြည့်ရှုလေရာ၊ မကြာမီ ထမင်းပွဲများ ပြင်ဆင်၍ပြီးသောကြောင့် ထမင်းဝိုင်း၍စားကြသည်ကို တွေ့မြင်ရလေ၏။

ထိုထမင်းပွဲမှာ ရန်ကုန်မြို့မှ ဟင်္သာတမြို့သို့ မိမိပြန်လာရတော့

mgyoe.com

mgyoe.com


မည်ဖြစ်သော ညဥ့်မှာကဲ့သို့ သင်ဖြူးပေါ်တွင် ခင်းကျင်းစားသောက်ကြသည်ကို တွေ့ရလေရာ ဟိုယခင် ရန်ကုန်မြို့၌ မြင့်မြင့်နှင့်မျက်နှာချင်းဆိုင်ကာ ညစာစားခဲ့ရသည့်အကြောင်းအရာတို့ကို ပြန်လှန်တွေးတောသတိရမိလေ၏။ ထိုကဲ့သို့ သတိရမိခြင်း၌ စိတ်နှလုံးကို သံပူနှင့် ကပ်သည့်ပမာ မခံမရပ်နိုင်အောင်ဖြစ်သော အရာသည်ကား ထမင်းပွဲတွင် မြင့်မြင့်နှင့်ယောကျ်ားပျို မျက်နှာချင်းဆိုင် ထိုင်ကြသည်ကို မြင်ရခြင်းဖြစ်လေ၏။

"မြင့်မြင့်သည် မိမိနှင့်အတူ ဟိုယခင် ညစာစားခဲ့ရသည့်အကြောင်းကို ပြန်လည်၍မှ သတိရပါမည်လား၊ မိမိ သတိရသကဲ့သို့ အနည်းငယ်မျှ ပြန်လှန်တွေးတော အောက်မေ့ပါ့မလား။ ထိုလူသည် အဘယ်ကလူနည်း၊ မည်သူ အခွင့်ပေးသောကြောင့် မြင့်မြင့်နှင့်အတူ မျက်နှာချင်းဆိုင်၍ ထိုင်ပါသနည်း။ မြင့်မြင့်သည် မျက်မှောက်ဖြစ်သောအချစ်၌ မိမိကိုမေ့၍ နေလေသလား" စသည်ဖြင့် တွေးတောကာ စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်ရှာလေ၏။

၎င်းယောကျ်ားပျို၏မျက်နှာသည် မီးရောင်၌မော်ကာ မြင့်မြင့်၏မျက်နှာကို ကြည့်လိုက်သမျှ အခါတိုင်း၌၊ မိမိ၏အသည်းကို ပေါက်ဆိန်နှင့်ပေါက်၍ ခွဲသကဲ့သို့ နာကျင်လေ၏။ တစ်ခါတစ်ခါ ဟင်းခွက်မှာ မြင့်မြင့်၏လက်နှင့် ယောကျ်ားပျိုလက်ယှဉ်ပြိုင်ကာ တို့းမိသည်ကို မြင်ရသောအခါ ကြိတ်မနိုင်ခဲမရ ဖြစ်ရရှာလေသတည်း။

ထို့နောက် မိမိ၏အခြေအနေကို ပြန်၍တွေးမိ၏။ မိမိမကျန်းမာဖြစ်သောကြောင့် မြင့်မြင့်နှင့် ဤဘဝမှာ ဆက်ဆံဖို့မရှိကြောင်းကို တွေးတောမိ၏။ မိမိကိုယ်တိုင်က မြင့်မြင့်ထံသို့ စာမပေးဘဲနေမိသည့်အကြောင်းကိုလည်း သတိရမိ၏။

"ယောကျ်ားပျိုသည် လှသောမြင့်မြင့်ကို မိမိကဲ့သို့ ကြိုက်ရှာပေမှာ

mgyoe.com

mgyoe.com


ပဲ။ သူတို့နှစ်ယောက် တရားသဖြင့် ချစ်ကြိုက်ကြသည်ကို မိမိသည် ဘယ်အတွက် စပ်ကြားက မခံမရပ်နိုင်အောင် ဖြစ်ရပါသနည်း။ မြင့်မြင့်သည် မိမိနှင့် ဘာမျှမဆိုင်၊ လင်ငယ်ကိုရှာကာ တမင်သက်သက် "ကြာ" သော မိမိ၏သားမယားမဟုတ်၊ သူ့စိတ်နှင့်သူ့ကိုယ် ပျိုရွယ်သူဘဝ ချစ်သူနဲ့တွေ့တာကို ဘယ်အတွက် မိမိက စပ်ကြားက မနာလိုရသလဲ" စသည်ဖြင့် တရားပြကာ ဆင်ခြင်လေ၏။

အတန်ကြာ ထမင်းများ စားသောက်ပြီးကြသောအခါ မတုတ်နှင့် အိမ်သားများသည် ပျာယီးပျာယာ လှုပ်ရှားပြင်ဆင်ကြလေရာ တခြားကို သွားဖို့ရန် ပြင်ဆင်သည်ဟု မောင်မောင်သည် ရိပ်မိလေ၏။

မြင့်မြင့်နှင့်ယောက်ျားပျိုမှာမူ အိမ်ဦးခန်း၌ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြော၍ နေကြလေ၏။ ထိုအတွင်းတွင် ပြင်ဆင်ပြီးစီးကြ၍ မတုတ်သည် အခြားမိန်းမ တစ်ယောက်နှစ်ယောက်နှင့် အိမ်ပေါ်မှဆင်း၍လာလေရာ နောက်ဆုံးလိုက်လာသူမှာ မကြင်ဆိုသော မိန်းမထင်ပါရဲ့ဟု မောင်မောင်သည် တွေးမိပြီးနောက် ၎င်းတို့ကိုဂရုမစိုက်ဘဲ မြင့်မြင့်နှင့်ယောက်ျားပျိုကိုသာ ငေးစိုက်ကာကြည့်၍နေလေ၏။

မတုတ်နှင့် အဖော်မိန်းမများသည် မြင့်မြင့်ကို ထိုယောက်ျားပျိုနှင့် ဇာတ်တိုက်ရန် ထားခဲ့ကြတာ အမှန်ပါပဲဟု မောင်မောင်သည် တွေးထင်မိလေ၏။

ထိုအခိုက်တွင် မတုတ်နှင့်တကွ အဖော်သည် မိမိကပ်မှီ၍နေသော သစ်ပင်အနီးသို့ရောက်၍ လာသောအခါ မတုတ်က "အို... ညည်းတို့က မလျှောင်ကြပါနဲ့အေ... သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြရတာပဲ၊ ညည်းတို့ ငါတို့ ငယ်ငယ်တုန်းက သည်လိုပဲမဟုတ်ဘူးလား" ဟု ပြောပြီး မိမိအနီးတွင် ပွတ်၍သွားလေ၏။

မောင်မောင်သည် မှောင်ရိပ်၌ သစ်ပင်ကိုကပ်၍နေသောကြောင့်

mgyoe.com

mgyoe.com


မိမိကို မည်သူမျှမမြင်ဘဲ သွားကြလေရာ၊ မောင်မောင်၏လက်များသည် မတုတ်ကို လှမ်း၍ဆွဲပြီး နှုတ်ခွန်းဆက်ချင်သောကြောင့် တရွရွဖြစ်၍ နေသဖြင့် လက်များကို အနိုင်နိုင်ချုပ်၍ထားရလေ၏။

၎င်းတို့ လွန်၍သွားကြသောအခါ မောင်မောင်သည် မြင့်မြင့်နှင့် ယောကျ်ားပျိုကို ဆက်လက်၍ အကဲခတ်လေ၏။ ယောကျ်ားပျိုသည် တင်ပျဉ်ခွေထိုင်လျက် စကားပြော၍နေရာမှ မြင့်မြင့်၏အပါးသို့ တစ်စ တစ်စတိုး၍လာလေ၏။ မောင်မောင်သည်ကား တစ်ကိုယ်လုံး ဆတ် ဆတ်တုန်လျက် အတင်းပြေးဝင်ကာ ၎င်းယောကျ်ားပျို၏လည်မျိုကို ကိုင်ဖျစ်၍ အိမ်ပေါ်မှထိုးပစ်ကာ ချရလျှင် ကောင်းလေမည်လားဟု စိတ် အကြံပြုမိလေ၏။

ထိုကဲ့သို့ အကြံပြု၍နေခိုက်တွင် ယောကျ်ားပျိုသည် မြင့်မြင့်၏ လက်ကို ဆုပ်ကိုင်မိလေရာ "မြင့်... ဘာလုပ်အကိုင်ခံသလဲ၊ ဘယ်အတွက် မရုန်းသလဲ" ဟု လွှတ်ကာအော်တော့မည်ကဲ့သို့ နှုတ်ခမ်းများမှာ လှုပ်ရှား ၍လာလေ၏။ မြင့်မြင့်သည် တစ်စုံတစ်ရာ ပြန်၍မလုပ်ဘဲ ငြိမ်သက်စွာ ခံ၍နေသည်ကို မြင်ရသောအခါ ပြင်းပြစွာ ဒေါသဖြစ်လျက် အံသွားများ ကြိတ်မိလေ၏။ ထို့နောက် မြင့်မြင့်ကိုယ်တိုင်ကလည်း တကယ်ကြိုက်၍ နေပါပကောဟု စိတ်လျှော့ကာ တင်းမာသောကိုယ် လက်အကြောအခြင် တို့သည် ပျော့ပျောင်း၍သွားလေ၏။

မြင့်မြင့်သည် ငြိမ်သက်စွာအကိုင်ခံလျက် ခေါင်းငုံ့၍နေလေ၏။ ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ ကာလသားများတီး၍လာသော ဗျပ် စောင်းသံကို ကြားရလေ၏။ ဆိတ်ငြိမ်မှောင်မိုက် ပူအိုက်သော ညအခါ ၌ ထိုဗျပ်စောင်းသံသည် စိတ်အားကို အထူးပင်ငယ်စေသော အသံဖြစ် လေ၏။ ထိုအသံကို ကြားရသောအခါ မိမိ၏စိတ်နှလုံးကို လေးလံသော ပိဿာလေးကြီးနှင့်ဖိသကဲ့သို့ မှတ်ထင်ရလေသောကြောင့် "ငါ ဘာများ

mgyoe.com

mgyoe.com


ဖြစ်ချင်ပါလိမ့်မလဲ။ ဤနိမိတ်တို့သည် ငါ့သေဖို့ အချိန်နီးကြောင်းကို ပြလေသလား။ ဘယ်အတွက် ဤဖော်ကွာဝေးနဲ့ချည်း တွေ့ကြုံ၍နေရပါသနည်း။ ဤဗျပ်စောင်းသမားတို့သည် ငါ၏အဖြစ်အပျက်ကို သိကြသောကြောင့် ဖော်ကွာဝေးတေးသီချင်းနဲ့ ငါ့ကိုလာရောက်လှောင်ပြောင်ကြလေသလား။ အပြီးသတ် ကွေကွင်းခြင်းဖြစ်တော့မည့် နိမိတ်ကိုလာ၍ပြလေသလား" စသည်ဖြင့် တွေးတောကာ နေလေ၏။

ပူအိုက်သောလေပြင်းကို ပျင်းရိထိုင်းမှိုင်းသောအသံဖြင့် ဖြတ်သန်းကာ မိမိ၏နားဝသို့ ဆိုက်ရောက်၍လာသော ဖော်ကွာဝေးတီးလုံးသံများသည် ခဲရေကျိုချက်ကာ မိမိ၏နှလုံးသားပေါ်သို့ တစ်စက်ပြီးတစ်စက် လောင်းသွန်၍ချသကဲ့သို့ မခံချိမခံသာ ပူပြင်းလှစွာသောအသံဖြစ်လေ၏။

ထိုအခါ နားများကို လက်နှစ်ဖက်နှင့် ပိတ်၍ထားသော်လည်း တုန်တုန်ရီရီ အက်ကွဲကာမြည်သော အသံသည် ပိတ်ဆို့တားဆီး၍မရနိုင်ဘဲ၊ နားထဲသို့ အနိုင် ချင်းနင်းဝင်ရောက်လေ၏။

ထိုအခိုက်တွင် မြင့်မြင့်သည် ဆုပ်ကိုင်ခြင်းကိုခံ၍နေရသော လက်ကို ပြန်၍သိမ်းရုပ်ကာ မိမိကဲ့သို့ နားနှစ်ဖက်ကိုပိတ်ထားသည်ကို တွေ့မြင်ရလေ၏။ ထိုကဲ့သို့ မြင်ရသောအခါ မြင့်မြင့်၏စိတ်၌ အတိတ်ဘဝဟောင်းနှင့်တူသော အရိပ်အရောင်သည် လုံးလုံးကြီးမပျောက်သေးကြောင်းကို ရိပ်မိရသောကြောင့် အနည်းငယ် အားတက်၍လာလေ၏။ သို့ပင် အားတက်၍လာငြားသော်လည်း ထိုသူနှင့် ညားတော့မည့် လက္ခဏာမှာ အထင်အရှားဖြစ်၍နေသောကြောင့် မကင်းမရှင်းသော အခြေအနေသို့ ရောက်၍များနေလေပြီလားဟု တွေးတောပူပင်မိလေ၏။

ဗျပ်စောင်းသံသည်ကား တဖြည်းဖြည်း နီး၍လာပြီးလျှင် ဗျပ်စောင်းတီးသမား ကာလသားသုံးယောက်တို့သည် မိမိကိုလွန်၍သွားကြလေရာ၊

mgyoe.com

mgyoe.com


မဆုံးသေးသော ဖော်ကွာဝေးတေးသံသည် တစ်စတစ်စ ဝေး၍သွားလေ၏။ ထို့နောက် ဝေးသည်ထက်ဝေး၍ တေးသံသည် ပျောက်ကွယ်သော အခါ စိတ်ထဲသို့ဝင်ရောက်၍လာသော လေးလံသော ပိဿာလေးကြီးသည် ကျ၍သွားသကဲ့သို့ ဖြစ်ပြီးလျှင် ပေါ့ပါး၍ သွားလေ၏။

မြင့်မြင့်လည်း ပိတ်၍ထားသော နားနှစ်ဖက်ကိုဖွင့်ကာ သက်မကြီးချလိုက်သည်ကို တွေ့မြင်ရလေသတည်း။

ဗျပ်စောင်းသမားတို့သည်ကား မိမိတီးသော ဗျပ်စောင်းသံသည် ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက် စိတ်ကို အဘယ်သို့သော အခြေအနေသို့ ရောက်စေသည့်အကြောင်းကို အနည်းငယ်မျှ တွေးတောခြင်းမရှိဘဲ ကွာ၍သွားကြလေသတည်း။

မြင့်မြင့်နှင့် ယောကျ်ားပျိုထိုင်သော နေရာရှေ့တည့်တည့်၌ ပန်းရုံများကွယ်၍ နေသောကြောင့် လုံခြုံသောနေရာဖြစ်လေရာ ၎င်းတို့ နေပုံထိုင်ပုံကို မောင်မောင်ကဲ့သို့သော သေချာစွာ ချောင်း၍ကြည့်နိုင်မှ တစ်စိတ် တစ်ဒေသ မြင်နိုင်ဖွယ်ရာရှိသောကြောင့် ၎င်းတို့သည် ရဲတင်းစွာ အတူတကွ စကားပြောဆိုခွင့်ရကြလေ၏။

မောင်မောင်သည် ခြံစည်းရိုးကိုကျော်ကာ ၎င်းတို့ပြောသော စကားများကို ကြားရအောင် ပန်းရုံသို့ပြေးကပ်ကာ နားထောင်ရလျှင် ကောင်းလေမည်လားဟု စိတ်အကြံပြုနေခိုက်တွင် မိန်းမပျိုနှစ်ယောက်သည် အိမ်ဘက်သို့ ပြေးဝင်၍လာကြပြီးနောက် တစ်ယောက်က "မြင့်မြင့်တို့များလေ... တို့အိမ်ကိုတောင် မလာတော့ပဲကိုး၊ ဒေါ်ဒေါ်ကော" ဟု မေးလေ၏။

မြင့်မြင့်က ထိုင်ရာမှထ၍လာပြီးလျှင် ၎င်းတို့ကို ခရီးဦးကြိုပြုကာ "ဩော်... မစောတို့ပါကလား၊ မနက်စောစော ရွှေစက်တော်ကိုသွားမလို့ ထပ်ပြီးအဖော်ညှိရအောင် ထွက်သွားကြတယ်။ တက်ကြဦးလေ"

mgyoe.com